
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**မအိုစာ**

## သွေးစုပ်သူယောင်မယ်


ထုတ်ဝေသူ - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြ-၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၂၀၈)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ရွှေမင်းသမီးစာပေ၊
ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
မအိုစာ
သွေးစုပ်သူယောင်မယ် / မအိုစာ - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၃
၁၉၂ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) သွေးစုပ်သူယောင်မယ်


BURMESE CLASSIC

# သွေးစုပ်သူယောင်မယ်

## မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ

ယခု

သွေးစုပ်သူယောင်မယ်

BURMESE CLASSIC

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

*၁၈၉၃-ခုနှစ်၊ မြန်မာပြည်နယ်စပ်ဒေသ...*

**တောမြို့လေးရဲ့** အဝင်လမ်းဝယ် လူငယ်တစ်ဦး ဟာ ဖျင်လွယ်အိတ်ကြီးတစ်လုံးကို လွယ်ပိုးရင်း မောလျဟန်နဲ့ လျှောက်လာတယ်။

စားပွဲတစ်လုံးချထားတဲ့ မြေစိုက်တဲလေး တစ်တဲရှေ့

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အခါ သူက ခြေစုံရပ်လိုက်ရင်း ...

"ခရီးအဝေးကြီးကို ...

လမ်းလျှောက်လာခဲ့ရတဲ့အတွက်

ငါ သိပ်ပင်ပန်းနေသလို၊

ငါ့ခြေထောက်တွေလည်း သိပ်နာနေပြီ၊

ဗိုက်ထဲကလည်း တဂွီဂွီနဲ့၊

ဒါ ... စားစရာရောင်းတဲ့ နေရာပဲဖြစ်ရမယ်၊

ဒီမှာ ဝင်နားမှ ဖြစ်မယ်"

လို့ တွေးမိပြီး နဖူးက ချွေးကို သုတ်လိုက်တယ်။

ပြီးတော့ ... တဲလေးထဲဝင်သွားပြီး လူရိပ်လူခြည် ကြည့်လိုက်တယ်။

"စားစရာ ဘာရလဲဗျ၊

ဆိုင်ရှင်တို့"

လူငယ်ဟာ ထိုသို့အသံပြုရင်း စားပွဲမှာ ဝင်ထိုင်လိုက်တယ်။



"စားစရာအကုန်ရှိတယ်၊

ဘာစားချင်သလဲသား ပြော"

မာထန်တဲ့အသံကြောင့် လူငယ်က မော့ကြည့်လိုက်တယ်။

အပေါ်ပိုင်း ဗလာကျင်းနေတဲ့ လူသန်ကြီးတစ်ဦး။

လူသန်ကြီးက စူးရဲတဲ့မျက်လုံးနဲ့ စေ့စေ့ကြည့်ပြီး ပြောလိုက်တဲ့အတွက် သူ စိတ်အချဉ်ပေါက်သွားပြီး ...

"မဖြစ်နိုင်တာ မပြောစမ်းပါနဲ့၊

တောမှာလာပြီး ...

မြို့က စားသောက်ဖွယ်တွေ

မှာလို့ ရနိုင်လို့လားဗျ"

လို့ မေးလိုက်တဲ့အခါ လူသန်ကြီးက ...

"ဒီမယ် ကောင်လေး ...

မင်းစားချင်တာကို ပြောစမ်း၊

ငါ့လက်ရာ အရသာမရှိရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြားမှ မပေးနဲ့၊

ချက်ချင်း ထထွက်သွားနိုင်တယ်ကွ”

လို့ ဒေါသထွက်ဟန်နဲ့ ပြောလာတယ်။

လူငယ်က မေးစေ့ကို လက်နဲ့ပွတ်သပ်ရင်း ...

“ကောင်းပြီလေ ... အင်း ...

ကျုပ် အသားများများနဲ့

လက်ရာသိပ်ကောင်းတဲ့ ခေါက်ဆွဲကြော်ရယ်၊

အသားတွေ အများကြီးပါတဲ့

ကုန်းဘောင်ကြော်နဲ့၊ ကြံမဆိုင်ဟင်းရည်ရယ်

လိုချင်တယ်၊

အမြန်ဆုံး လုပ်ပေးပါ၊ ဗိုက်သိပ်ဆာနေပြီဗျ”

လို့ ပြောလိုက်တယ်။

လူသန်ကြီးဟာ မြေနဲ့လုပ်ထားတဲ့ မီးဖိုကြီးရှိရာ လျှောက်သွားတယ်။

ပြီးတော့ အလွန်ကြီးတဲ့ သံယောက်မကြီးနဲ့ တရှမ်းရှမ်း



အသံပေးရင်း စတင်ကြော်လှော်တော့တယ်။

လူငယ်လေးဟာ ဖျင်အိတ်ကြီးထဲက ဘူးသီးခြောက်ရေဘူးလေးထုတ်ပြီး မျက်နှာသစ်သန့်စင်လိုက်တယ်။

ဒီအချိန်မှာပဲ လူတစ်ဦးက လူငယ်ကို ပေစောင်းစောင်း အမူအရာနဲ့ကြည့်ပြီး မျက်နှာပျက်သွားတယ်။

ပြီးတော့ လူငယ်ဘေးက ခပ်သုတ်သုတ် ထွက်သွားတယ်။

လူငယ်ဟာ လူသန်ကြီး လာချပေးတဲ့ စားသောက်ဖွယ်ရာတွေကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။

“အားပါးပါး အနံ့တွေက

သိပ်မွှေးပါလား၊

ပါးစပ်ထဲတောင် မရောက်သေးဘူး၊

အနံ့နဲ့တင် ယုံသွားပြီဗျို့၊

ခင်ဗျား သိပ်တော်တဲ့လူပဲ၊

ချီးကျူးတယ်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးက တံတွေးနင်သံကြီးနဲ့ ပြောရင်း ပူလောင်နေတဲ့အစားအစာများကို အငမ်းမရအောင် စားသောက်တော့တယ်။

ဒီအချိန်မှာပဲ မျက်နှာပေါက်သိပ်ဆိုးတဲ့ လူသန်ကြီးနောက်တစ်ယောက် ရောက်လာတယ်။

လူသန်ကြီးရဲ့တစ်ကိုယ်လုံး သွေးစက်တွေ ပေကျံနေသလို ၎င်းဟာ လူငယ်လေးရဲ့အနားက ဖြတ်ပြီး ချက်ပြုတ်ရာကို လျှောက်သွားတယ်။

တစက်စက်ကျသွားတဲ့ သွေးစက်တချို့က လူငယ်လေးရဲ့လက်မောင်းပေါ် စဉ်သွားတယ်။

လူငယ်လေးဟာ အသားတစ်တုံးကို ကိုက်ဝါးနေရာက လက်မောင်းက အရာကို သုတ်လိုက်တယ်။

ဒီအခါ ကပ်စေးစေးဖြစ်နေတဲ့ လက်ကိုကြည့်မိရင်း မျက်လုံးအကြည့်က မီးဖိုကြီးဘက် ရောက်သွားတယ်။

မျက်နှာပေါက်ဆိုးတဲ့ လူသန်ကြီးက ပခုံးပေါ်ထမ်းလာ



တဲ့ အရေခွံဆုတ်ပြီးသား ခွေးသားကို စဉ်းတီတုံးကြီးပေါ် ဗိုင်းခနဲ ပစ်ချလိုက်တယ်။

ပြီးတော့ ဓားမကြီးနဲ့ ခုတ်ထစ်တော့တယ်။

လူငယ်လေးဟာ ဒါကိုမြင်ပြီး ထိတ်လန့်ဟန်နဲ့ ဝေါ့ခနဲ အန်ချပစ်လိုက်တယ်။

"ဘာဖြစ်တာလဲ ကောင်လေး၊
ငါ့အစားအစာတွေထဲမှာ
ဘာများပါမိလို့လဲ"

ဆိုင်ရှင်လူသန်ကြီးရဲ့အမေးကြောင့် လူငယ်လေးက ဒေါသတကြီးဟန်နဲ့ ...

"ခင် ... ခင်ဗျားတို့ ...
အတော်ယုတ်မာတဲ့ လူတွေ၊
ခွေးသားတွေ ကျုပ်ကို ကျွေးတယ်၊
ရွံ့ဖို့ကောင်းလိုက်တာဗျာ ... တောက်"

လို့ မကျေမနပ် ကြုံးဝါးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်လူသန်ကြီးက သူ့ကို အံ့အားသင့်ဟန်နဲ့ ကြည့်နေတယ်။

"ရောမရောက်ရင် ရောမလိုကျင့်ရမှာ၊

မင်း နားမလည်ဘူးလား ကောင်လေး၊

ဒီအရပ်မှာ ခွေးသားကိုပဲ

အမိကထား စားကြတယ်၊

ငါတို့မြို့ရဲ့ တံခါးကြီး ကျော်သွားရင်

တရုတ်ပြည်မကြီးပဲကွ၊

အဲဒီမှာဆို ...

ခွေးသားက သိပ်ဈေးကောင်းတာ၊

မင်း ဘာသိလို့လဲ"

"အိုဗျာ ... ကျုပ် ဘာမှမသိဘူး၊

ကျုပ်တို့ ရန်ကုန်မြို့ကြီးမှာဆို

ခွေးသားဆို လူတိုင်း

အော့နှလုံးနာကြတာ၊



အစောကြီးကတည်းက ပြောပါလားဗျ၊

... တောက်"

လူငယ်လေးက ဒေါသတကြီး ပြောဆိုပြီး ထရပ်လိုက်တယ်။

သူ့ရဲ့ဖျင်လွယ်အိတ်ကြီးကို ကောက်ဆွဲလိုက်စဉ်မှာပဲ မျှော်လင့်တဲ့အဖြစ်က ဖြစ်သွားတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

“ဟာ. . . ဘာလုပ်တာလဲ၊

ခင်ဗျားတို့ ဘယ်သူတွေလဲ”

လူငယ်လေးက လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ခံရတဲ့အတွက် ဆောင့်ရုန်းရင်း အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့လက်ကို ချုပ်ထားတဲ့လူအပါအဝင် လူသုံး ယောက် ...။

ထိုသူက လက်ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး

"မင်းနာမည် ...

သက်ဦး မဟုတ်လား၊

ငါတို့ဒေသကို စားပြအဖွဲ့နဲ့

ဝတ်သက်ပြီး ရောက်လာတဲ့

အလွတ်စုံထောက် မဟုတ်လား၊

လိမ်ညာဖို့ မကြိုးစားနဲ့"

လို့ လေသံမာမာနဲ့ ပြောလာတယ်။

"အာ ... ဘာတွေလာပြောနေတာလဲ၊

ကျုပ်က ခြေသလုံးအိမ်တိုင်

သွားလာနေတဲ့ကောင်ဗျ၊

ဘာစုံထောက်မှ မဟုတ်ဘူး၊

ကျုပ်နာမည် ညချမ်းဗျ၊



ခင်ဗျားတို့ လူမှားနေပြီ"

လူငယ်လေးရဲ့အပြောကြောင့် ... ထိုလူရဲ့မျက်နှာတင်း သွားပြီး စာရွက်လိပ်ကြီးတစ်ခုကို သူ့မျက်နှာရှေ့ ဖြန့်ပြတယ်။

မြင်လိုက်ရတဲ့အရာကြောင့် လူငယ်လေးဟာ မျက်လုံး ပြူးသွားတယ်။

သူ့မျက်နှာပုံကို ခဲပန်းချီကြီး ဆွဲထားပါလား။

တစ်ဆက်တည်းမှာပဲ ... သူ သဘောပေါက်သွားတယ်။

သက်ဦးဆိုတဲ့ စုံထောက်ဟာ ... သူနဲ့ ရုပ်ချင်းဆင်သလို

ဒီလူတွေဟာ စားပြတွေဆိုတာ ရိပ်စားမိသွားတယ်။

ဒီပြဿနာကို ဘယ်လိုမှ အနုနည်းနဲ့ ဖြေရှင်းလို့မရတာ လည်း သဘောပေါက်သွားတယ်။

ဒါကြောင့် ... သူ့လက်ကို ဖမ်းချုပ်ထားသူ့ရဲ့ တံ တောက်ကွေးကို ခြေနဲ့ အားကုန်ဆောင့်ကန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အ'... ခနဲ အော်သံနဲ့အတူ ထိုလူ ဟန်ချက်ပျက်သွားတော့မှ လက်ကိုဆောင့်ရုန်းလိုက်ပြီး ဖျင်အိတ်ကို ဆတ်ခနဲလွယ်ပြီး တစ်ရှိန်ထိုး ပြေးထွက်တော့တယ်။

"ဟာ ... ကောင်လေး ပြေးပြီ၊

ငါ့ကို ငွေလည်း

ရှင်းမသွားဘူး၊

လိုက်ကြပါဟ"

ဆိုင်ရှင်လူသန်ကြီးရဲ့အော်သံနဲ့အတူ စားပြဲထိုးယောက်ဟ သူ့နောက်ကို အူယားဖားယား ပြေးလိုက်ကြတယ်။

လူငယ်လေးဟာ အားကုန်သုံးပြီး ခြေဦးတည့်ရာကို တစ်ရှိန်ထိုး ပြေးတော့တယ်။

သူ မည်မျှကြာအောင် ပြေးမိသည်မသိ ..။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရီပျိုးရာက ... မိုးစုံးစုံးချုပ်သွားချေပြီ။

ညချမ်းဟာ နောက်ကိုလှည့်ကြည့်ရင်း ကျောက်တုံးကြီး



တစ်တုံးကို အမှီပြုပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

မောလွန်းတဲ့အတွက် တစ်ကိုယ်လုံး ပူထူပြီး အသက်ရှူမရအောင် ဖြစ်လာတယ်။

ဒါ့ကြောင့် ...

ဘူးသီးခြောက်ရေဘူးလေးထုတ်ပြီး အငမ်းမရ မော့ချလိုက်တယ်။

ရေက တစ်စက်မှ ကျမလာတဲ့အတွက် သူ အကြီးအကျယ် စိတ်ပျက်သွားတယ်။

ကျောက်တုံးကြီးကို ခေါင်းမှီလိုက်ပြီး အသက်ဝအောင် ရှူလိုက်တယ်။

"ဟာ ... ဒုက္ခပါပဲကွာ၊

ရေငတ်ပါတယ်ဆိုမှ ...

ရေက ကုန်ပြီ၊

ငါ ဘာလုပ်ရမလဲ"

အတွေးနဲ့အတူ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကြီးမည်းမည်း။

"ရေသိပ်ငတ်တယ်ကွာ၊

ဘာပဲဖြစ်ဖြစ် ရေသောက်ဖို့ရအောင်

ငါ ရှာရမယ်"

အတွေးနဲ့အတူ ... ဖျင်လွယ်အိတ်ထဲ လက်နှိုက်ပြီး ဖယောင်းတိုင်နဲ့ မီးခြစ်ထုတ်လိုက်တယ်။

ဖယောင်းတိုင်မီးရဲ့အလင်းရောင်နဲ့ ရေရှာပုံတော် ဖွင့်ခဲ့ရတယ်။

ခြေညောင်းအောင် ရှာမိပေမယ့် ရေလုံးဝရှာမတွေ့ဘူး ဖြစ်နေတယ်။

"ဟူး ... စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊

သောက်စရာရေတစ်စက်တောင် မတွေ့ဘူး၊

ငါ ... သိပ်ကံဆိုးနေပါလား၊

အမေသေလို့ သွားစရာနေရာ မရှိလို့၊



ဆရာကြီးဆီ လာပါတယ်ဆိုမှ၊

နေရင်းထိုင်ရင်း ပုလိပ်စုံထောက်နဲ့

မှားပြီး ဓားပြတွေရဲ့ လိုက်တာလည်း

ခံရတယ်၊

ဗိုက်ဆာလို့ ဝင်မိပါမှ

ခွေးသားနဲ့ တိုးခဲ့ရတယ်၊

ခုလည်း ရေဆာလို့ ရှာတော့

ရေလုံးဝမရဘူး၊

ငါ့လောက် ကံဆိုးတဲ့လူ

လောကမှာ ရှိပါ့မလားကွာ"

ညချမ်းဟာ ထိုသို့ရေရွတ်ရင်း သောက်ရေကို ကျိုးကန်းတောင်းမှောက်မျက်လုံးနဲ့ အမှောင်ထဲ ရှာဖွေမိတယ်။

အမေသေပြီး ရက်လည်ပြီးတာနဲ့ သူတို့မြို့လေးမှာ ကိုယ်ခံပညာ လာသင်ပေးဖူးတဲ့ ဆရာကြီးကို အားကိုးပြီး ဒီဒေသရောက်ခဲ့ရတာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့ရဲ့ဆရာကြီးက အောက်လမ်းဆရာကြီး။

ကိုယ်ခံပညာရပ်ကိုလည်း တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တယ်။

အောက်လမ်းဆရာကြီး ဦးမှော်နဲ့တွေ့ဖို့ သူပေးခဲ့တဲ့ လိပ်စာအတိုင်း နယ်စပ်ဒေသကို လာခဲ့တာ။

ဒီရောက်တော့ ဆရာကြီးလိပ်စာတောင် မရှာရသေးဘဲ ဓားပြအဖွဲ့နဲ့ တိုးခဲ့ရတာ။

ဒီပုံအရဆို ဓားပြတွေ သူ့ကို မြေလှန်ရှာမှာ။

ဘယ်လိုမှ ရွာထဲဝင်လို့ရမှာ မဟုတ်ဘူး။

အတွေးနဲ့အတူ ညချမ်းဟာ အကြီးအကျယ် စိတ်မောသွားမိတယ်။

'ဗွမ်း'... ခနဲ အသံနဲ့အတူ သူ့ခြေထောက်တွေစိုစွတ်သွားမှ အတွေးက ပြတ်သွားတော့တယ်။

"ဟား ... ဟား ... ရှာလိုက်ရတာကွာ၊



ခုကျတော့လည်း ငါ့ခြေထောက်အောက်

ရောက်နေပါလား၊ မဆိုးပါဘူး၊

ကံလေး နည်းနည်းကောင်းနေသေးတယ်ဟ"

ညချမ်းတစ်ယောက် ရေအိုင်တစ်အိုင်ထဲ ခြေချမိတာကြောင့် ဝမ်းသာလုံးဆို့ပြီး အော်ဟစ်လိုက်မိတယ်။

သူဟာ ဘောင်းဘီကို လိမ့်တင်ရင်း ရေထဲ ဆင်းလိုက်တယ်။

ပြီးတော့ ...

အငမ်းမရ လက်ခုံနဲ့ ရေကို ခပ်သောက်ရင်း အပန်းဖြေလိုက်မိတယ်။

ဒီအချိန်မှာပဲ ... သူ့နားထဲ အသံတစ်သံ တိုးဝင်လာတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

သချိုင်းတစ်ယောက် ၀ ၀ ၀ အသံကို ရေထဲက

နေ မျက်လုံးဝေ့ရှာမိတယ်။

ဒီအခါမှာ ရေအိုင်စပ်တစ်နေရာရှိ အဖြူရောင်သဏ္ဌာန်

တစ်ခုကို တွေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ... ရှုးစမ်းချင်တဲ့စိတ်နဲ့ ထိုနေရာကို ရေထဲကနေပဲ တရွေ့ရွေ့ သွားမိတယ်။

ပြည့်လျှမ်းအောင်သာနေတဲ့ လရောင်အောက် ... ရေအိုင်စပ် ခြေဆင်းထိုင်ရင်း တယောထိုးနေတဲ့ မိန်းမပျိုတစ်ယောက်။

တဝေ့ဝေ့တိုက်ခတ်နေတဲ့ လေပြည်နဲ့အတူ ပါးလျတဲ့အဖြူရောင်ခြုံလွှာလေးက လွင့်နေသလို ဆံနွယ်အရှည်ကြီးကလည်း လွင့်ပျံနေတယ်။

ညချမ်းတစ်ယောက် အသက်ရှူရပ်မတတ် အံ့အားသင့်စိတ်တွေ လှိုက်တက်သွားမိတယ်။

ခြေထောက်အစုံက သူမအနား အလိုလို ရွေ့သွားနေသလို တစ်ကိုယ်လုံးရှိ အကြောအခြင်တွေ တောင့်တင်းသွားသလို ခံစားနေရတယ်။

လက်တစ်ကမ်းအကွာလောက်ရောက်တဲ့အခါ သူမရဲ့ တယောသံမှာ နစ်မြောနေမိသလို၊ အပြစ်အနာအဆာကင်းတဲ့ မျက်နှာလေးကို ငေးမောကြည့်နေမိတယ်။



မျက်လုံးစုံမှိတ်ရင်း တယောကို စိတ်ဝင်တစား ထိုးခတ်နေတဲ့ သူမ ... ညချမ်း ဘေးမှာရှိနေတာ ရိပ်စားမိပုံမပေါ်ဘူး။

တယောထိုးခတ်နေတဲ့ လက်အစုံဟာ တဖြည်းဖြည်းနှေးကွေးလာပြီး သူမရဲ့မျက်လုံးတွေ ပွင့်လာတယ်။

ရှေ့ကနေ တည့်တည့်ကြီးရပ်ကြည့်နေတဲ့ ညချမ်းကို မြင်ပေမယ့် သူမမျက်နှာမှာ ထိတ်လန့်အံ့သြမှု လုံးဝမရှိဘူး။

တောက်ပဝိုင်းစက်တဲ့ မျက်လုံးကြီးတွေနဲ့ ညချမ်းကို ငေးစိုက်ကြည့်နေတယ်။

သူမရဲ့အကြည့်ကြောင့် ညချမ်းရင်ထဲ ဖြောင်းဆန်သွားသလို နှလုံးခုန်နှုန်း ရပ်သွားလောက်အောင် ခံစားနေရတယ်။

တယောရှင်မိန်းမပျိုနဲ့ ညချမ်းဟာ တစ်ယောက်ကို တစ်ယောက် အချိန်ကြာမြင့်စွာ ငေးစိုက်ကြည့်နေမိကြတယ်။

'ဂလောင် ... ဂလောင် ... ဂလောင် ... ဂလောင်'

တိုးလျလျထွက်ပေါ်လာတဲ့ ခေါင်းလောင်းသံကြောင့် မိန်းမပျိုရဲ့မျက်လုံးတွေ လှုပ်ရှားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်ရင်း ချာခနဲ လှည့်ထွက်သွားတော့တယ်။

"ဟော့ ... နေဦးလေ၊

မင်းနာမည်လေးတော့ ပြောသွားဦးပေါ့၊

ဟော့"

ညချမ်းတစ်ယောက် တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလိုမျိုး ခံစားချက်နဲ့ အငမ်းမရ အော်မေးလိုက်မိတယ်။

ဒါပေမဲ့ ... ခဏချင်းဆိုသလို တယောရှင်မိန်းမပျိုဟာ မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့တယ်။

သူမရဲ့မျက်နှာ ကွယ်ပျောက်သွားသည်နှင့်အမျှ ညချမ်းရင်ထဲ လစ်ဟာသလိုကြီး ခံစားနေရတယ်။

ညချမ်းဟာ ရေအိုင်လေးရဲ့အစပ်မှာ အသက်ကင်းမဲ့သူ တစ်ယောက်နယ် တောင့်တောင့်ကြီး ထိုင်ချလိုက်တယ်။

❒❒❒

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

သချိုးတစ်ယောက် ... ရေအိုင်စပ်မှာပဲ
မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

စူးရှတဲ့နေရောင် မျက်လုံးလာထိုးမှ မျက်လုံးတွေ ကျိန်းစပ်ပြီး လူးပ်ရှားသွားတယ်။



"အင်း ... နေတောင်ထွက်နေပါလား၊
ငါ တစ်ညလုံး ဒီအိုင်မှာပဲ
အိပ်ပျော်သွားခဲ့တာပေါ့"

အတွေးနဲ့အတူ လှဲနေရာကထပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်မိတယ်။

တောင်တန်းကြီးတွေနဲ့အတူ စိမ်းစိုသာယာနေတဲ့ ပတ်ဝန်းကျင်။

တစာစာမြည်နေတဲ့ ကျေးငှက်သံတွေကြောင့် သူ့ရင်ထဲ အေးချမ်းသလို၊ ကြည်နူးသလိုလည်း ခံစားလိုက်ရတယ်။

"ဟာ ... တကယ့်ကို ရှုခင်းကောင်းပြီး
အေးချမ်းတဲ့ နေရာလေးပဲ၊
အလို ... ရေအိုင်ရဲ့ပုံသဏ္ဌာန်က
အသည်းပုံလေးလိုဖြစ်နေပါလား၊
တော်တော်ကဗျာဆန်တဲ့ နေရာလေးပဲ၊
ဒီရေအိုင်စပ်လေးမှာ ထိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေးတစ်ပုဒ်လောက် ရေးလိုက်ရရင်

သိပ်ကို ပြောင်မြောက်တဲ့ လက်ရာ

ထွက်လာမှာ သေချာတယ်"

ညချမ်းဟာ တစ်ယောက်တည်း ရေရွတ်ရင်း ဖျင်လွယ်အိတ်ကြီးထဲက မှတ်စုစာအုပ်နဲ့ဖောင်တိန်ကို ထုတ်ယူလိုက်တယ်။

စာရွက်ပေါ်မှင်တို့လိုက်မိတာနဲ့ ညက မြင်တွေ့ခဲ့တဲ့ တယောရှင်မိန်းမပျိုရဲ့မျက်နှာကို သတိရမိတယ်။

လှိုက်လှိုက်လှဲလှဲကြီး တမ်းတစိတ်နဲ့အတူ သူမရဲ့မျက်နှာလေးကို လွမ်းဆွတ်သလို ခံစားနေရပြီး ...

"တောင်တန်းကြီးတွေ ...

သစ်ပင်ကြီးငယ်တွေနဲ့ ...

အသည်းအိုင်မှာ ထိုင်နေမိပေမယ့် ...

ကိုယ့်ရင်ထဲ ...

မစိုပြည်ဘူး မိန်းကလေးရယ်၊



ထိန်ထိန်သာနေတဲ့ လမင်းအောက်

ညို့ငင်မှု သိပ်ကြီးတဲ့ မင်းမျက်လုံးတွေက

ငွေကြယ်ပွင့်လေးလို တောက်ပနေခဲ့တယ်၊

လမင်းရဲ့အလှကို ကြယ်လေးတွေ

တန်ဆာဆင်ပေးသလို၊

ညချမ်းရဲ့ဘဝကို မင်းရဲ့

အယုအယတွေနဲ့ နွေးထွေးခွင့်ပေးပါလား၊

မိန်းကလေးရယ်

ဝိုင်းစက်တဲ့မျက်လုံး၊

ချွန်ထက်နေတဲ့နှာတံ၊

တွဲလျလျနှုတ်ခမ်းပါးလေးနဲ့

ကိုယ့်ရင်ဘတ်ထဲက မိန်းကလေး

နေ့ခင်းမှာ သဘာဝရဲ့အလှတရား

စုံနေပေမယ့် ကိုယ့်ရင်ဘတ်ထဲမှာတော့

တယောရှင်လေး ပျောက်ဆုံးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းဟာ ရင်ထဲက ခံစားချက်တွေကို မှင်တို့ပြီး ရင်ဖွင့်ပစ်လိုက်မိတယ်။

မိန်းမပျိုကို တမ်းတစိတ်ကြောင့် သဘာဝပတ်ဝန်းကျင်ရဲ့ သာယာမှုတွေက သူ့အတွက် ရုပ်ဆိုးအကျည်းတန်သွားသလိုလို။

စာအုပ်လေးကို ဖျင်လွယ်အိတ်ကြီးထဲ ပြန်ထည့်ပြီး မတ်တတ်ထရပ်လိုက်တယ်။

ပြီးတော့ အသည်းပုံရေအိုင်လေးဘေးကနေ လေးကန်တဲ့ခြေလှမ်းနဲ့ ထွက်ခဲ့မိတယ်။ ရွာထဲလည်း ဝင်လို့မရတဲ့ သူ့အဖြစ်။ ဘယ်နေရာမှာများ သွားနေရပါ့။

ရှုပ်ထွေးနောက်ကျိတဲ့ စိတ်နဲ့အတူ ရေအိုင်လေးအနားကနေ တရွေ့ရွေ့ လျှောက်ခဲ့မိတယ်။

အတန်ငယ် လျှောက်မိတဲ့အခါ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်ပြီး ယိုယွင်းနေတဲ့ ပြည်တောင်းဆန်ဆန် ခေါင်မိုးတစ်ခုကို လှမ်းမြင်လိုက်ရတယ်။



ထိုနေရာကို သူ တရွေ့ရွေ့လျှောက်သွားလိုက်တယ်။ ပြီးတော့ ချုံနွယ်တွေထဲ တိုးဝှေ့ပြီး အထဲကို ဝင်လိုက်တယ်။

သူ့ခါးလောက်ရှိတဲ့ မြက်ရိုင်းပင်ကြီးတွေ။

မြက်ရိုင်းပင်တွေရဲ့အလွန်မှာတော့ အဆောက်အအုံကြီးတစ်လုံး ရှိနေတယ်။

ညချမ်းဟာ ဖျင်အိတ်ကြီးထဲက ဓားရှည်ထုတ်ပြီး သွားလမ်းတစ်လျှောက်ရှိ မြက်တွေကို ဓားနဲ့ ဝှေ့ရင်း လျှောက်သွားတယ်။

အသက်အန္တရာယ်အတွက် မြင်နေရတဲ့ အိမ်ပျက်လိုလို၊ ဘုန်းကြီးကျောင်းပျက်လိုလို ရှေးဆန်တဲ့ အဆောက်အအုံကြီးမှာ ခိုနေမှ သူ့အတွက် လုံခြုံမှုရှိပေမည်။

အဆောက်အအုံပျက်ကြီးနား ရောက်ခါနီးမှာတော့ ရွှီခနဲ အသံနဲ့အတူ သူ့ရှေ့မြင်လိုက်ရတဲ့အရာကြောင့် မျက်လုံးပြူးသွားမိတယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

## လုံးပတ် လက်နှစ်ဆုပ်ကျော် ရှိတဲ့ ...

အဝါနဲ့အမည်းစပ် မြွေကြီးတစ်ကောင်။

သူ့ရဲ့ဝါးသုံးရိုက်အကွာလောက်မှာ တရွေ့ရွေ့သွားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ လှိုက်တက်သွားတဲ့ စိုးရိမ်စိတ်နဲ့အတူ ဓားရှည်ကို ကျစ်နေအောင်ကိုင်ရင်း ခြေစုံရပ်လိုက်မိတယ်။

ကံကောင်းထောက်မစွာပဲ မြွေကြီးဟာ သူ့လမ်းကြောင်း အတိုင်း တရွေ့ရွေ့ ဆက်သွားတယ်။

မြွေကြီး မျက်လုံးရှေ့ကပျောက်မှ သက်ပြင်းချနိုင်ပြီး အိမ်ပျက်ကြီးအနား တိုးကပ်ခဲ့တယ်။

အိမ်ပျက်ကြီးရဲ့ ပျဉ်တံခါးကြီးရှေ့ ခြေစုံရပ်မိချေပြီ။

တံခါးဖွင့်လိုက်တာနဲ့ အထဲမှာ သားရဲတိရစ္ဆာန်အကောင် ဗလောင်တွေရဲ့အန္တရာယ်ကို ရင်ဆိုင်ရနိုင်တယ်။

ဒါ့ကြောင့် ဓားရှည်ကို သတိအနေအထားနဲ့ကိုင်ပြီး ပျဉ် တံခါးကြီးကို တွန်းဖွင့်လိုက်တယ်။

'ဝုန်း' ...ခနဲ အသံကြီးနဲ့အတူ တံခါးကြီးဟာ အချပ် လိုက် ပြုတ်ကျလာတယ်။

ညချမ်းဟာ နောက်ကိုဆုတ်လိုက်ရင်း နှာခေါင်းထဲ လှိမ့် ဝင်လာတဲ့ ဖုန်မှုန့်တွေကြောင့် ချောင်းဆိုးသွားတော့တယ်။



လှိမ့်ထွက်လာတဲ့ ဖုန်မှုန့်တွေကြောင့် အပေါ်အင်္ကျီကို ချွတ်ပြီး နှာခေါင်းမှာ စည်းလိုက်တယ်။

ပြီးတော့ ... အိမ်ပျက်ကြီးထဲ တရွေ့ရွေ့ ချဉ်းကပ်လိုက် မိတယ်။

အိမ်ပျက်ကြီးတစ်ခုလုံး ပင့်ကူမျှင်တန်းတွေ ယက်သန်း နေသလို အောက်သိုးသိုးအနံ့ကြီးက ကြီးစိုးနေတယ်။

ညချမ်းတစ်ယောက် ပင့်ကူမျှင်တွေကို ဓားရှည်နဲ့ ဖယ် ရှားရင်း အိမ်ကြီးရဲ့အတွင်းကို ရောက်သွားတယ်။

အပေါ်ထပ်တက်တဲ့ လှေကားတစ်ခု။

ကြောင်လိမ်လှေကားသဏ္ဍာန် အကွေ့အဝိုက်တွေနဲ့ရှိပြီး အုတ်နဲ့ လုပ်ထားတယ်။

သူဟာ ကြောင်လိမ်လှေကားအတိုင်း ဆက်တက်သွားခဲ့ တယ်။

အပေါ်ရောက်တော့ ပိန်းပိတ်အောင် မှောင်မည်းနေတဲ့ အတွက် ဖယောင်းတိုင်မီးကို အားပြုလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းကို တွေ့ရတဲ့အခါ တခြားနေရာ လျှောက်မကြည့်တော့ဘဲ အခန်းထဲဝင်ပြီး ပင့်ကူမျှင်နဲ့ ဖုန်တွေ ရှင်းလင်းလိုက်တယ်။

ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနဲ့ ကျွန်းထိုင်ခုံလေးတစ်လုံးသာရှိတဲ့ အိမ်ခန်းကျယ်ကြီး။

သန့်ရှင်းရေးလုပ်ပြီးတဲ့အခါ ခုတင်ပေါ် သူ လှဲအိပ်လိုက်မိတယ်။

နှစ်ချို့အောင်းရှိခဲ့တဲ့ ဖုန်နံ့တွေက ပျောက်မသွားဘူး။

ဒါကြောင့် ... အပေါ်ဝတ်ဂျာကင်အင်္ကျီ မျက်နှာအုပ်ရင်း သူ အနားယူလိုက်တယ်။

ဗိုက်ထဲက တကြုတ်ကြုတ်ဆာလောင်မှုနဲ့အတူ ဆာလောင်မှုကို အာရုံပြုရင်း သူ့မျက်လုံးတွေ စင်းလာတယ်။

နာရီဝက်လောက်အကြာမှာတော့ သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့တယ်။

'ဂီး ... ဂီး ... ဂီး ...



ဖလပ် ... ဖလပ် ... ဖလပ် ... ဖလပ်'

လင်းနို့ငှက်တချို့ရဲ့ အော်သံ၊ တောင်ပံခတ်သံတွေကြောင့် သူ လန့်နိုးသွားမိတယ်။

ဗိုက်ထဲက ပိုမိုဆာလောင်လာတဲ့အတွက် ထထိုင်လိုက်ပြီး ဘူးသီးခြောက်ရေဘူးကို မော့သောက်လိုက်တယ်။

သူ့မျက်လုံးက ရေသောက်ရင်း စားပွဲပေါ် အကြည့်ရောက်မိတယ်။

"ဟင် ... ငါ့ဂျာကင်က ...

စားပွဲပေါ် ရောက်နေပါလား၊

ငါအိပ်တုန်းက မျက်နှာအုပ်ထားတဲ့ဟာကို၊

ဘယ်လိုဖြစ်တာလဲဟ"

ထိုသို့ တွေးမိစဉ်မှာပဲ ဗိုက်မှ 'ဂွီ' ခနဲအသံနဲ့အတူ ရှုံးအောင့်သလို ခံစားလိုက်ရတယ်။

"ကျွတ် ... ဗိုက်အောင့်နေပြီ၊

ငါ စားစရာရှာမှ ဖြစ်တော့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာများ သွားရှာရပါ့၊

အို ... အောက်ဆင်းပြီး

တစ်ခုခုရှာရမယ်၊

စားလို့ရမယ့် အသီးအနှံတော့

တွေ့နိုင်ကောင်းပါရဲ့"

ညချမ်းတစ်ယောက် ခုတင်ပေါ်ကဆင်းပြီး အောက်ထပ်ကို ဆင်းခဲ့တယ်။

ချူတွေသိပ်ထူတဲ့ ခြံကြီးထဲ လှည့်ပတ်ပြီး စားစရာရှာလိုက်မိတယ်။

"ဟူး ... စိတ်ပျက်ဖို့ ကောင်းတယ်ကွာ၊

ငတ်ပြီး သေရတော့မယ် ထင်ပါရဲ့၊

ဘာစားစရာမှ မရှိဘူး"

အိမ်ပျက်ကြီးရဲ့အနောက်မှာ ရှာဖွေရင်း ရေရွတ်လိုက်မိတယ်။

ဒီအချိန်မှာပဲ သူ့မျက်လုံးက မြက်ရိုင်းပင်တွေနဲ့ တစ်



ဘန်းတည်းဖြစ်နေတဲ့ အရွက်ဖားဖားကြီးတွေကို သတိပြုမိသွားဘယ်။

မျှော်လင့်ချက်စိတ်နဲ့ ထိုနားလျှောက်သွားပြီး ကြည့်လိုက်တဲ့အခါ ...

"ဟာ ... ဒါ ငှက်ပျောပင်ပဲ၊

ငှက်ပျောခိုင် ရှိနေပေမယ့် ...

အစိမ်းကြီးတွေ၊

အို ... ဘာပဲဖြစ်ဖြစ် ခုတ်သွားမယ်ကွာ၊

ငှက်ပျောအူကိုပါ ယူသွားမယ်၊

ငတ်နေတာထက်စာရင် ဒါစားပြီး

အသက်ရှင်လို့ ရသေးတယ်"

ညချမ်းဟာ တက်ကြွတဲ့စိတ်နဲ့ ငှက်ပျောခိုင်နဲ့ အူတိုင်ကို ခုတ်ဖြတ်လိုက်တော့တယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

**အပြင်လောကတစ်ခုလုံး** မှောင်အတိ လွှမ်းနေချေပြီ။

ညချမ်းဟာ ဖယောင်းတိုင်မီးအလင်းရောင်နဲ့ အိပ်ခန်းထဲ ထိုင်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခိုကိုးရာမဲ့တဲ့ သူ့ဘဝနောက်ကြောင်းကို ပြန်တွေးမိရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်ဆုံးသွားချိန်။

မျက်လုံးစင်းပြီး ဝါး ... ခနဲ သမ်းဝေမိတဲ့အတွက် သူ အိပ်ရာပေါ် လှဲချလိုက်တယ်။

ဖယောင်းတိုင်ကို လှမ်းမှုတ်ပြီး အမှောင်မှာ အိပ်ပျော်ဖို့ ကြိုးစားလိုက်မိတယ်။

ခေါင်းရင်းဘက် ပြတင်းကို ဖွင့်ထားတဲ့အတွက် လေကတိုးဝင်နေတယ်။

သူ တဖြည်းဖြည်း အိပ်ပျော်သွားရှာတယ်။

နူးညံ့တဲ့အထိအတွေ့က သူ့ခန္ဓာကိုယ်အနှံ့ ပွတ်သပ်ခံရသလို ခံစားနေရတယ်။

မျက်လုံးကို ဖွင့်ဖို့ ကြိုးစားမိပေမယ့် ဘယ်လိုမှ ဖွင့်မရအောင် လေးလံနေတယ်။

ခြေရင်းက စပြီး ထိတွေ့လာတဲ့ နူးညံ့မှု။

သူ့မျက်နှာ ရောက်လာတယ်။



အလွန်မွှေးကြိုင်တဲ့ နံ့သာနံ့တစ်မျိုး ရှူရှိုက်မိနေသလိုမျိုး။

နှာခေါင်းမှာ တစ်ယောက်ယောက်ဆံပင်နဲ့ ပွတ်သပ်သလိုမျိုး ခံစားလိုက်ရတယ်။

ယားယံမှုကြောင့် သူ့နှုတ်ခမ်းပွင့်သွားသလို၊ ခေါင်းကို အသာလေး ယိမ်းလိုက်မိတယ်။

နှုတ်ခမ်းကို ထိတွေ့လာတဲ့ နူးညံ့မှု။

သူ့ရင်တစ်ခုလုံး ဖြောင်းဆန်သွားပြီး သွေးကြောတွေ ထောင့်တင်းလာသလိုလို။

မှိတ်ထားတဲ့ သူ့မျက်လုံးက မျက်နှာတစ်ခု တရေးရေး ပေါ်လာတယ်။

လပြည့်ညမှာ တွေ့ခဲ့ရတဲ့ တယောရှင်မိန်းကလေး။

သူမရဲ့ခြံလွှာဖြူပါးပါးလေးက ညချမ်းရဲ့တစ်ကိုယ်လုံး အုပ်မိုးနေသလိုလို။

မျက်နှာချင်း ထိကပ်နေတဲ့အတွက် ဆံနွယ်တွေက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကလူကျီစယ်နေတယ်။

ညချမ်း တစ်ကိုယ်လုံး ပေါ့ပါးပြီး လေဟာနယ်ထဲ ရောက်သွားသလိုကြီး ခံစားလိုက်ရတယ်။

သူ့နှုတ်ခမ်းပေါ် ခွေကျလာတဲ့ ပြင်းရှရှအနမ်းတွေ။

သူ့တစ်ကိုယ်လုံး ထွန့်ထွန့်လူးသွားမတတ်။

နှုတ်ခမ်းတစ်ခုလုံး ပူခနဲဖြစ်ပြီး ဆစ်ခနဲ နာကျင်သွားတဲ့အတွက် ဆတ်ခနဲတုန်ပြီး မျက်လုံးဖွင့်လိုက်မိတယ်။

'အား ... အ ... အ'

မျက်နှာပေါ်ကပ်နေတဲ့အရာကြောင့် လန့်ဖျပ်ပြီး အလျင်အမြန် ခါချလိုက်တယ်။

"အားပါးပါး ... ပင့်ကူမည်းကြီးပဲ၊

ငါ့နှုတ်ခမ်းတော့ ပင့်ကူယှက်ခံလိုက်ရပြီ၊

ဟူး ... အိပ်မက်လေးတော့

သွားပါပြီကွာ၊

ပင့်ကူနက်ကောင် သက်သက်မဲ့



ငါ့အိပ်မက်ကို လာဖျက်ဆီးတယ်"

ညချမ်းဟာ ဒေါသထွက်ပြီး အိပ်ရာအောက်က ပင့်ကူကို ဖနောင့်နဲ့ နင်းချေပစ်လိုက်တယ်။

ဒီအချိန်မှာပဲ ...

"အား" ... ခနဲ အော်လိုက်တဲ့ အသံနက်ကြီးကို သဲ့သဲ့မျှ ကြားလိုက်ရတယ်။

ဒါ့ကြောင့် ... သူ အခန်းထဲက ခပ်သုတ်သုတ် ထွက်လိုက်မိတယ်။

ချုံတွေကြားက တိုးဝှေ့ရင်း အပြင်ကို ရောက်သွားတယ်။

သူ့ခြေသံကလွဲရင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်။

သူဟာ အမှောင်မှာ အော်သံကို ရှာဖွေရင်း အသည်းပုံရေအိုင်ဆီ ရောက်သွားတယ်။

ဒီအခါ အိုင်စပ်မှာ လဲနေတဲ့ လူတစ်ယောက်ကို အထင်

www.burmeseclassic.com

www.burmeseclassic.com



အရှား မြင်လိုက်ရတယ်။

ထိုလူရှိရာ ပြေးသွားပြီးကြည့်မိတဲ့အခါ လည်ပင်းပြတ်ရှ ဒဏ်ရာနဲ့ မျက်ဖြူလန်သေဆုံးနေသလို … ၎င်းရဲ့ဘေးမှာ ပလိုင်းတစ်လုံး တွေ့လိုက်ရတယ်။

"ဘုရား … ဘုရား …

ကြောက်ဖို့ ကောင်းလှချည်လား၊

ဒီဒေသမှာ လူတစ်ယောက်ကို

ရက်ရက်စက်စက် သတ်ဖြတ်ဖို့

ဝန်မလေးကြဘူး၊

ဒီလူ့ကြည့်ရတာ …

ရုပ်ရည်လေးသနားကမားနဲ့ ဘယ်လို

အငြိုးကြောင့်များ အသတ်ခံရပါလိမ့်၊

အို … ငါနဲ့ မဆိုင်တဲ့ကိစ္စကို

မတွေးတာဘဲကောင်းတယ်၊

ငါကိုယ်တိုင် အသက်အန္တရာယ်ကြောင့်



ပုန်းအောင်းနေရတဲ့ဟာ၊

တော်ကြာ … တစ်ယောက်ယောက်

ငါ့မြင်သွားရင် မလွယ်ဘူး၊

ငါပြန်မှဖြစ်မယ်"

အတွေးနဲ့အတူ ညချမ်းဟာ အလောင်းရဲ့နံဘေးက ခွာလိုက်တယ်။

ကျောခိုင်းပြီး ရှစ်လှမ်းမျှ လျှောက်မိတဲ့အခါ …

'ဖလပ် … ဖလပ် … ဖလပ်'

ဆိုတဲ့ ငှက်သံတွေ ကြားလိုက်ရတယ်။

ခေါင်းလှည့်ကြည့်မိတော့ လင်းတကောင်တွေ အလောင်းပေါ်အုံခဲနေတာ မြင်ရတယ်။

ညချမ်းဟာ ခြေဖော့နင်းရင်း အပင်ကွယ်ကနေ ကြည့်မိတဲ့အခါ … လင်းတကောင်တွေဟာ အလောင်းရဲ့မျက်လုံးတွေ၊ ဒိုက်တွေကို ဖောက်စားနေတာ အထင်အရှား တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးပျို့ဖွယ် မြင်ကွင်းကြောင့် ညချမ်းတစ်ယောက် ဆို့တက်လာတဲ့ အန်ချင်စိတ်ကို မျိုသိပ်ရင်း ထိုနေရာက ခပ်သုတ်သုတ် ပြန်ခဲ့မိတယ်။

❒❒❒

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

*နောက်တစ်နေ့...*

သချမ်းတစ်ယောက် . . . အိမ်ပျက်ကြီးရဲ့ အပေါ်ထပ်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စိတ်အိုက်နေရှာတယ်။

"ဒုက္ခပဲ ... ဟိုနေ့က ခုတ်လာတဲ့



ငှက်ပျောခိုင်လည်း ကုန်ပြီ၊
စားစရာနဲ့ သောက်စရာမရှိတဲ့
ဘဝကို ပြန်ရောက်သွားပြန်ပြီ၊
ငါ ဒီထဲမှာပဲ ပုန်းနေလို့တော့
ဘာမှထူးမှာမဟုတ်ဘူး၊
ဆရာကြီးနဲ့လည်း ငါ
သိပ်တွေ့ချင်တယ်၊
အို ... ဘာပဲဖြစ်ဖြစ်
ငါ ရွာထဲကို ခိုးဝင်ရမယ်၊
ဒီမှာနေပြီး အချိန်ကုန်တာထက်စာရင်
အကျိုးရှိနိုင်တယ်"

အတွေးနဲ့အတူ ဟောင်းနွမ်းတဲ့အဝတ်တစ်ခုကို လဲလှယ်လိုက်တယ်။

အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ အိမ်ပျက်ကြီးအဲက နေ သူ ထွက်ခဲ့မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းဟာ ရွာထဲဝင်ရမယ့်လမ်းကို မှန်းဆပြီး ရင်တထိတ်ထိတ်နဲ့ လျှောက်သွားတယ်။

နာရီဝက်မျှလျှောက်မိတဲ့အခါ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားတဲ့ လူတွေ အစုလိုက်၊ အဖွဲ့လိုက် တွေ့လိုက်ရတယ်။

သူဟာ အပင်ကြီးတစ်ပင်ကို အကွယ်ပြုရင်း …

"ကြည့်ရတာ … ရွာမှာ

မင်္ဂလာဆောင်တို့, ဘုရားပွဲတို့

ရှိနေပုံရတယ်၊

ငါ ကံကောင်းရင် … ပွဲမှာ

ဝင်စားလို့တောင် ရနိုင်တယ်၊

ဒီလူတွေနောက်က …

အသာလေး လိုက်သွားရမယ်"

လို့ တွေးလိုက်မိတယ်။

ဒါ့ကြောင့် စကားဖောင်ဖွဲ့ ပျော်ရွှင်စွာ သွားလာနေတဲ့



လူတွေရဲ့နောက်ကနေ မယောင်မလည်နဲ့ လိုက်သွားလိုက်တယ်။

ဒီအချိန်မှာပဲ ကလေးတစ်ယောက်ဟာ သူ့ဘေးကနေ ပြေးလွှားသွားတယ်။

ညချမ်းဟာ ကလေးငယ်ရဲ့ခေါင်းမှာ ဆောင်းထားတဲ့ မြက်ဦးထုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

ကလေးငယ်က အပြေးရပ်ပြီး သူ့ကို လည်ပြန်လှည့်ကြည့်တယ်။

မုတ်ဆိတ်မွေးတွေရှည်နေတဲ့ သူ့ပုံကိုကြည့်ပြီး ကြောက်လန့်ဟန်နဲ့ ဘာမှမပြောဘဲ ဆက်ပြေးသွားတော့တယ်။

ဆယ်မိနစ်ခန့် ဆက်သွားမိတဲ့အခါ ဗုံသံခရာသံတွေကို အထင်အရှား ကြားနေရတယ်။

ဒါ့ကြောင့် မြက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး သူတို့နောက်က ဆက်လိုက်သွားမိတယ်။

လူတွေ တဖြည်းဖြည်း များလာသလို မုန့်ပဲသရေစာ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပစ္စယရောင်းတဲ့ ဈေးတန်းငယ်လေးတစ်ခု။

ညချမ်းက မုန့်ပေါင်းရောင်းတဲ့အသည်ရှေ့ ရပ်ပြီး အိတ်ကပ်ထဲက ငွေအကြွေစေ့ကို ထုတ်လိုက်တယ်။

ပြီးတော့ ဈေးသည်ကမ်းပေးတဲ့ မုန့်ပေါင်းလေးချပ်ကို ပလုတ်ပလောင်း စားပစ်လိုက်မိတယ်။

အစာနင်ပြီး သီးသွားတဲ့အတွက် ဈေးသည်အဘွားအိုက သူ့ကို မော့ကြည့်ရင်း ရေတစ်ခွက် ကမ်းပေးတယ်။

သူ လှမ်းယူဖို့ ပြင်လိုက်စဉ်မှာပဲ အဘွားအိုရဲ့လက်ဟာ ဆတ်ခနဲ တုန်သွားပြီး ကော်ရေခွက်လေး လွတ်ကျသွားတော့တယ်။

"အာ ... ရတယ် အဘွား၊

နေ ... နေ ... ကျုပ် ကောက်ပေးမယ်"

ညချမ်းဟာ သူ့ကိုကြည့်ရင်း မျက်လုံးပြူးနေတဲ့ အဘွားအိုကြောင့် ရေခွက်ကို ကောက်ယူပေးလိုက်တယ်။

ဝါးကျည်တောက်နဲ့ ရေထည့်ထားတဲ့အတွက် ကျည်



တောက်ကို ဆွဲယူပြီး မော့သောက်လိုက်တယ်။

ဗိုက်ပြည့်သွားတဲ့အတွက် နေသာထိုင်သာရှိသလို ခံစားလိုက်ရတယ်။

ဒါကြောင့် လေကလေးချွန်ရင် ဈေးတန်းကို လျှောက်ကြည့်နေလိုက်တယ်။

"အားပါး ... ရွာလေးက ငယ်သလောက်

လူတွေက မနည်းပါလား၊

ဘာပွဲတော်များရှိလို့ ဒီလောက်

စည်ကားနေပါလိမ့်၊

ပျော်ဖို့တော့ ကောင်းသားဟ"

ညချမ်းဟာ ဈေးတန်းထဲ လျှောက်ရင်း ရှေ့မှလူတွေ တိုးကြိတ်နေတာကို သတိပြုမိသွားတယ်။

သူကိုယ်တိုင် လူအုပ်ကြားထဲ တရွေ့ရွေ့တိုးပြီး လှမ်းမျှော်ကြည့်လိုက်တယ်။

ဒီအချိန်မှာပဲ အာဏာပါးကွက်သားဆန်ဆန် လူအွား

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေဟာ လူသုံးယောက်ကို ဖမ်းဆီးပြီး ခေါ်ဆောင်လာကြတယ်။

မြေတလင်းကျယ်ကြီးတစ်ခုထဲ မီးတုတ်တွေ အစီအရီထွန်းထားသလို ... ရေတွင်းလို တွင်းကြီးတစ်ခု။

တွင်းကြီးရဲ့အပေါ်မှာတော့ သစ်သားဖုံးတစ်ခုရှိပြီး ထိုအဖုံးပေါ်မှာ ပန်းပေါင်းစုံ ဖြန့်ကြဲထားတယ်။

ကွင်းပတ်ပတ်လည်မှာ အငွေ့ထောင်းထောင်းထနေတဲ့နံ့သာခွက်တွေ စီရရီ။

ညချမ်းက နံဘေးမှာရှိတဲ့ ဆယ်နှစ်အရွယ်ကောင်လေးကို လက်တို့ပြီး ...

"ကောင်လေး ... အဲဒါ ဘာလုပ်ဖို့လဲကွ"

လို့ မေးလိုက်တယ်။

ကောင်လေးက သူ့ကို အံ့အားသင့်ဟန်နဲ့ ကြည့်ရင်း

"ဦးလေးက ...

ဒီနယ်က မဟုတ်ဘူးထင်တယ်၊



ဟိုမှာတွေ့လား၊

အဖမ်းခံရတဲ့ လူသုံးယောက်က

နတ်သမီးတွင်းထဲ ပစ်ချခံရမှာဗျ၊

ပစ်ချခံရဆို ... ဒီလူကြီးတွေက

ရွာက သတ်မှတ်ထားတဲ့

စည်းကမ်းကို ချိုးဖောက်တယ်လေ၊

ဒါ့ကြောင့် သူတို့ကို နတ်သမီးတွင်းထဲ

ပစ်ချပြီး အပြစ်ပေးမှာဗျ"

လို့ ရှင်းပြတယ်။

ကောင်လေးရဲ့စကားကြောင့် ညချမ်း မျက်မှောင်ကြုတ်သွားတယ်။

"လူတွေ တွင်းထဲပစ်ချခံရတာ

ဘယ်ကောင်းပါ့မလဲ၊

နတ်သမီးတွင်း မဟုတ်ဘူး၊

သေတွင်းကြီးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအယူအဆနဲ့ လူတွေလည်း

မသိဘူး၊

ဘာပဲဖြစ်ဖြစ် အတွေ့အကြုံရတယ်၊

အိမ်ပျက်ကြီးထဲ ထိုင်နေတာထက်စာရင်

ဒီမှာကြည့်နေတာမှ ပိုကောင်းသေးတယ်"

ညချမ်းဟာ စိတ်တွင်းက ရေရွတ်ပြီး စိတ်အေးလက်အေး ဆက်ကြည့်နေမိတယ်။

ဒီအချိန်မှာပဲ ... ဗုံသံ ခရာသံတွေက ပိုမိုကျယ်လောင်လာသလို ...

အဆက်မပြတ်ကြားလိုက်ရတယ်။

ပါးကွက်သားကြီးတွေက အပြစ်ကျခံမယ့် လူသုံးယောက်ကို တွင်းကြီးနား ဆွဲခေါ်သွားတယ်။

ဝိုင်းအုံကြည့်ရှုနေတဲ့ လူအားလုံး ...

"အပြစ်ပေး ... အပြစ်ပေး ...

အပြစ်ပေး"



ဩသံပေး ကြုံးဝါးကုန်ကြတယ်။

ပါးကွက်သားတစ်ဦးက တွင်းပေါ်ရှိ အဖုံးကြီးကို ဆွဲချလိုက်တယ်။

အဖုံးပွင့်သွားသည်နဲ့ တစ်ပြိုင်နက် မီးတောက်မီးလျှံကြီးက ဟုန်း ...ခနဲ ထွက်လာတယ်။

ပါးကွက်သားသုံးဦးဟာ အပြစ်ရှိသူသုံးယောက်ကို တစ်ဦးစီ ကိုင်မြှောက်လိုက်တယ်။

"ဟေး ... ဟေး ... ဟေး

ဟေး ... ဟေး"

လူထုရဲ့ဩသံပေးအော်သံနဲ့အတူ ပါးကွက်သားတွေက ထိုလူတွေကို တွင်းကြီးထဲ ပစ်ထည့်လိုက်တော့တယ်။

"ဖောင်း ... ဖျောင်း ...

ဖျောင်း ... ဖျောင်း"

နားကွဲမတတ် ထွက်လာတဲ့ လက်ခုပ်သံတွေကြောင့် ညချမ်းဟာ နားအစုံကို အုပ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ...

မြင်းနက်နှစ်ကောင်ဆွဲမြင်းရထားတစ်စီးဟာ ကွင်းပြ

ကြီးထဲ တရွေ့ရွေ့မောင်းနှင်လာတယ်။

ညချမ်းဟာ မြင်းရထားရဲ့ပြတင်းပေါက်ကိုကြည့်မိရင်

အံ့အားသင့်စိတ်နဲ့အတူ ...

'ဟာ' ... ခနဲ ရေရွတ်လိုက်မိတယ်။

❒ ❒ ❒

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

**လွင့်ပျံနေတဲ့** ခန်းဆီးစပဝါပါးလေးကနေ မျက်နှာတစ်ခု။

သူ့ရင်ဘတ်ထဲ စွဲမြဲနေတဲ့ မျက်နှာလေး။

ဝမ်းသာပျော်ရွှင်မှုနဲ့အတူ ...



လူအုပ်ကြားထဲ တိုးဝှေ့လိုက်ပြီး ...

"တယောရှင် မိန်းကလေး ...

တယောရှင် မိန်းကလေး"

လို့ အသံကုန်အော်ဟစ်လိုက်တယ်။

လူတွေက သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုရင်း သတိပြုမိသွားတယ်။

သတိပြုမိသည်နဲ့ တစ်ပြိုင်နက် ...

"စုံထောက်ကောင်ကို မိပြီဟေ့ ...

စုံထောက်ကောင်ကို မိပြီဟေ့"

အသံနဲ့အတူ လူတွေအားလုံး သူ့နားဝိုင်းအုံလာတယ်။

သူ့မြင်ကွင်းရှေ့က မြင်းနက်လှည်းယာဉ်လည်း ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့တယ်။

ညချမ်းတစ်ယောက် လူတွေကိုကြည့်ပြီး သဘောပေါက်သွားတယ်။

ဒါ့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ထဲကနေ ထွက်ပြေးဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ သူ့လက်တစ်ဖက်ကို တင်းကျပ်စွာ ဆောင့်ဆွဲခံလိုက်ရပြီး လူအုပ်ကြားကနေ သူ့ကို ဆွဲထုတ်သွားတယ်။

ဓားပြခေါင်းဆောင်နဲ့အဖွဲ့ဟာ သူတို့နောက်ကနေ အသည်းအသန် ပြေးလိုက်ကြတယ်။

ညချမ်းတစ်ယောက် နောက်ကိုလှည့်ကြည့်လျက် ထိုလူ ခေါ်ဆောင်ရာကို တရွတ်ဆွဲမတတ် ပါသွားရှာတယ်။

ဓားပြတွေ မျက်ခြည်ပြတ်သွားတဲ့အခါ ...

"အား ... လက်သိပ်နာနေပြီ၊

လွှတ်ပါဦးဗျ၊ နာလိုက်တာဗျာ"

ညချမ်းက ညည်းညူရင်း ပြေးနေရာက ရပ်လိုက်တယ်။

ထိုလူက သူ့ကို ရပ်နားခွင့်မပေးဘဲ ဆက်ပြေးနေတယ်။

ထိုလူဟာ ခြံကျယ်ကြီးတစ်ခြံရှေ့ရောက်မှ အပြေးရပ်လိုက်တယ်။



ဒါပေမဲ့ ... ညချမ်းရဲ့လက်ကို မလွှတ်ဘဲ နားမလည်နိုင်အောင် ဖြစ်သွားတယ်။

စစ်စိမ်းရောင်ဘောင်းဘီ တစ်ပတ်နွမ်းနဲ့ ကုတ်အင်္ကျီအစုတ်ကြီး ဝတ်ထားတဲ့ထိုလူ။

ခေါင်းမှာလည်း အလွန်ကြီးတဲ့ ဝါးခမောက်ကြီး ဆောင်းထားသေးတယ်။

ထိုလူဟာ ညချမ်းကို ရေနံချေးအိမ်လေးရဲ့အပေါ်ဆီ ဆွဲခေါ်သွားပြီး ဝါးဖျာပေါ် တွန်းထည့်လိုက်တယ်။

"အာ ... ဟေ့လူ ...

ကြမ်းတမ်းလှချည်လားဗျ၊

တောက်"

ညချမ်းက အကျနာသွားတဲ့အတွက် မကျေမနပ်ရေရွတ်ရင်း ထဖို့ ကြိုးစားလိုက်တယ်။

ထိုလူက သူ့ရှေ့ ခြေစုံရပ်ပြီး ...

"လောကမှာ ...

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးမသိတတ်ဆုံးလူကို ပြပါဆို

မင်းကို ပြရမှာပဲကွ၊ အသက်သခင်ရဲ့

ကျေးဇူးကို တောက်ခေါက်ပြီး

ဆပ်လိုက်တာလားကွ ... ဟေ"

လို့ပြောလာတဲ့အခါ သူ မျက်မှောင်ကြုတ်သွားပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို

ဘာလို့ မားပြအဖွဲ့တွေရဲ့လက်က

ကယ်တင်ခဲ့တာလဲ၊

လူအားလုံး ကျုပ်ကို ဝိုင်းဖမ်းဖို့

အော်ဟစ်နေချိန်မှာ ...

ခင်ဗျား ကယ်တင်ခဲ့တာ သိပ်အံ့သြမိတယ်"

လို့ ပြောလိုက်မိတယ်။

ထိုလူဟာ ညချမ်းရဲ့နံဘေး တင်ပျဉ်ခွေ ဝင်ထိုင်လိုက်တယ်။

"ညချမ်း ... ညချမ်း၊



မင်းဟာ ... ခုချိန်ထိ ...

စိတ်ဆတ်တဲ့အကျင့်က

မပျောက်သေးဘဲကိုးကွ ... ဟေ"

ထိုလူက ပြောရင်း ဝါးခမောက်ကြီးကို ဆွဲချွတ်လိုက်တယ်။

ထိုလူရဲ့မျက်နှာကို မြင်တဲ့အခါ ညချမ်း အကြီးအကျယ် အံ့အားသင့်သွားတယ်။

"ဟာ ... ဆ ... ဆရာကြီး၊

ကျုပ် ဆရာကြီးနဲ့ မတွေ့ရတော့ဘူး

ထင်နေတာဗျ၊

ဝမ်းသာလိုက်တာဗျာ"

ညချမ်းက အောက်လမ်းဆရာကြီးဦးမှော်ကို ဝမ်းသာအားရ ပွေ့ဖက်လိုက်တယ်။

ဆရာကြီးဦးမှော်က ညချမ်းကို ပခုံးပုတ်ရင်း ...

"ဒီရွာကို မင်း စရောက်တဲ့နေ့ကတည်းက ...

www.burmeseclassic.com

www.burmeseclassic.com



ငါ သိပြီးသားကွ၊

တခြားကြောင့်မဟုတ်ဘူး ...

ဓားပြအဖွဲ့ဟာ အလွတ်စုံထောက်ရဲ့

ပုံစံတူ ခဲပန်းချီတွေကို

ရွာအနှံ့ နေရာလွတ်မကျန်အောင်

ကပ်ထားလို့ပဲကွ၊

အဲဒီကတည်းက မင်း ကံဆိုးပြီဆိုတာ

ငါသိခဲ့တယ်၊

မင်းနဲ့ အလွတ်စုံထောက်က

ရုပ်ချင်း သိပ်ဆင်နေတာကိုးကွ

ညချမ်းရေ၊

မင်းကို ငါရှာနေခဲ့တာ

အဲဒီနေ့ကတည်းကပဲ"

ညချမ်းက ဆရာကြီးဦးမှော်ကို ဦးချကန်တော့လိုက်တယ်။



ပြီးတော့ ... သူ ခိုကိုးရာမဲ့ဘဝနဲ့ နယ်စပ်ဒေသကို ရောက်လာရတဲ့အကြောင်း ပြောပြလိုက်တယ်။

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ရင်း ...

"မင်းရဲ့နောင်ရေးအတွက် ...

ငါ တာဝန်ယူနိုင်တယ် ကောင်လေးရေ၊

ငါ စိတ်ပူတာက ... အခုအရေးပဲ၊

တို့ရွာက ဓားပြအဖွဲ့က

မြို့ပေါ်မှာ ...

အကြီးဆုံးနဲ့ အရက်စက်ဆုံး

ဓားပြမှုကို ကျူးလွန်ခဲ့ကြတယ်၊

ဒါ့ကြောင့် ... ပုလိပ်ဘက်က

သိပ်အစွမ်းထက်တဲ့ အလွတ်

စုံထောက်တစ်ယောက်ကို လွှတ်ဖို့

ကြံရွယ်ခဲ့ကြတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဓားပြတွေက သတင်းရပြီး

ရွာရဲ့ လူဝင်လူထွက်ကို

စောင့်ကြည့်နေကြတာကွ”

လို့ ရှင်းပြတယ်။

“ဆရာကြီးတို့ဒေသက …

သိပ်အုံ့ဩဖို့ကောင်းတယ်၊

ဒီမှာ သိပ်ဆိုးသွမ်းတဲ့

ဓားပြအဖွဲ့ ရှိနေလျက်နဲ့

အပြစ်ရှိတဲ့ လူတွေကိုကျတော့

ယဇ်ပူဇော်သလိုကြီး …

မီးတွင်းထဲ ပစ်ချကြတယ်၊

ကျုပ်တော့ နားကိုမလည်တော့ဘူးဗျာ”

ညချမ်းရဲ့စကားကြောင့် အောက်လမ်းဆရာကြီးဦးမော်

ဟာ မျက်နှာ ကွက်ခနဲပျက်သွားတယ်။

ပြီးတော့ …



“ကဲပါ ကောင်လေးရာ …

အချိန်ရတဲ့တစ်နေ့ ဒီအကြောင်း

ငါ ပြောပြပါ့မယ်၊

အခု … မင်း ပုန်းဖို့နေရာ

ငါ ရှာပေးမှ ဖြစ်မယ်၊

ခုလောက်ဆို ဟိုကောင်တွေ

တစ်အိမ်တက်ဆင်း ပိုက်စိပ်တိုက်

လိုက်ရှာနေလောက်ပြီကွ”

“ဒီအတွက် စိတ်မပူပါနဲ့

ဆရာကြီး၊

ကျုပ် အလုံခြုံဆုံးနေရာမှာ

အခု နေနေပါတယ်၊

ကျုပ်ကြောင့်သာ ဆရာကြီးကို

ဘာပြဿနာမှ မဖြစ်စေချင်တာပါ”

ဆရာကြီးက သက်ပြင်းချရင်း …

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ညချမ်း ...

ဒါဆို မင်းကို ငါ စိတ်ချပြီ၊

ရော့ ...

ဟောဒီငှက်လေးကို သယ်သွား၊

မင်း ငါ့ကို ဆက်သွယ်ချင်ရင်

သူ့ခြေထောက်မှာ စာရွက်ချည်ပြီးသာ

လွှတ်လိုက်၊

သူက ငါ့ရဲ့ညာလက်ရုံးတစ်ဆူပဲကွ၊

သိပ်အားထားရတယ်၊

ဩော် ... နေဦးကွ"

ဆရာကြီးက သူ့အနားကထပြီး အိမ်တွင်းခန်းထဲ ဝင်သွားတယ်။

ပြန်ထွက်လာတဲ့အခါ ဂုန်နီအိတ်ကြီးတစ်လုံး မ,လာတာ တွေ့ရတယ်။

"ဒါက ... မင်းရဲ့ ရိက္ခာတွေပဲ



ညချမ်းရ၊ ကဲ ...

ဒါတွေယူပြီး သွားပေတော့ကွာ"

သူဟာ ဆရာကြီးပေးတဲ့ ငှက်လှောင်ချိုင့်လေးကို လက်ဆွဲ၊ ရိက္ခာအိတ်ကြီးကို ပခုံးပေါ်ထမ်းရင်း ရေနံချေးအိမ်လေးက ထွက်ခွာခဲ့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

အိမ်ပျက်ကြီးရဲ့ ပြတင်းပေါက်ကတစ်ဆင့် ပျံ့လွင့်လာတဲ့ တယောထိုးသံကြောင့် ညချမ်းရဲ့စိတ်တွေ သိပ်လှုပ်ရှားသွားတယ်။

ဒါ့ကြောင့် ... အိပ်ရာပေါ်က ခုန်ဆင်းပြီး အိမ်ပျက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အောက်ထပ်ကို အလျင်အမြန် ပြေးဆင်းခဲ့မိတယ်။

လက တစ်ခြမ်းပဲသာနေတဲ့အတွက် မှိန်ပျပျအလင်းသာ ရှိနေတယ်။

ညချမ်းတစ်ယောက် အသည်းပုံရေအိုင်ရှိရာကို ဒရော သောပါး ပြေးသွားလိုက်တယ်။

အိုင်ဘက်ကို မျက်နှာပြုထိုင်ပြီး အေးချမ်းစွာ တယော ထိုးနေတဲ့ အဖြူရောင်ပုံရိပ်။

ညချမ်းဟာ မိန်းမပျိုရှိရာ ခြေဖော့နင်းရင်း ချဉ်းကပ် သွားတယ်။

စိတ်လှုပ်ရှားမှုကြောင့် သူ့လက်ဖျားတွေ အေးစက်နေ သလို ကတုန်ကယင်ကြီး ဖြစ်နေမိတယ်။

"ရှင် ရောက်လာပြန်ပြီပေါ့"

တယောသံ ရပ်သွားပြီး ကြားလိုက်ရတဲ့အသံကြောင့် သူ လန့်ပြီး ဆတ်ခနဲ တုန်သွားရတယ်။

"ဟိုလေ ... ဟုတ်တယ်၊



မင်းရဲ့တယောသံက သိပ်စွဲဆောင်မှုရှိတယ်၊

ဒါ့ ... ဒါ့ကြောင့်ပါ"

ညချမ်းရဲ့ တုန်တုန်ယင်ယင်ဖြေသံနဲ့အတူ မိန်းမပျိုက ရယ်လိုက်တယ်။

ပြီးတော့ ... မျက်နှာချင်းဆိုင်ရပ်ပြီး ...

"တယောသံထက် ...

ကျွန်မကို တွေ့ချင်လို့

ရှင်ရောက်လာတာ မဟုတ်လား"

တဲ့တိုးကြီး မေးလိုက်တဲ့အမေးကြောင့် မျက်နှာတစ်ခုလုံး ရဲပြီး ဘာပြောရမှန်းမသိအောင် ဖြစ်သွားတယ်။

မိန်းမပျိုဆီက ချိုသာတဲ့ ရယ်မောသံ ထွက်လာတယ်။

"ရှင် ကျွန်မရဲ့မျက်နှာကို

စိုက်ကြည့်ချင်နေတာ မဟုတ်လား၊

ဘာလို့ ခေါင်းကြီး ငုံ့နေရတာလဲရှင့်"

ညချမ်းတစ်ယောက် ရှက်လွန်းလို့ အငွေ့ပျံမတတ်

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရတယ်။

"ကြည့်စမ်းပါ ...

ကျွန်မမျက်နှာကို ရှင် ရဲရဲကြီး

ကြည့်စမ်းပါ၊

အခွင့်အရေးဆိုတာ နှစ်ခါမရဘူးရှင့်"

မိန်းမပျိုရဲ့စကားကြောင့် တစ်ခါမှ မချစ်ဖူးသေးတဲ့

ညချမ်းတစ်ယောက် ရင်ဒိန်းခနဲ ခုန်သွားမိတယ်။

မဝံ့မရဲစိတ်နဲ့ သူမရဲ့မျက်နှာကို မော့ကြည့်လိုက်မိ

တယ်။

နုံ့သာမခြယ် ပန်းမပန်ဘဲ ရိုးရှင်းစွာလှလွန်းတဲ့ မျက်နှာ

လေး။

ညှို့ငင်မှုသိပ်ပြင်းတဲ့ သူမရဲ့မျက်လုံးဝိုင်းကြီးတွေက

စိုက်ကြည့်လိုက်တိုင်း အသည်းကြွေမတတ်။

ဆေးမတင်ဘဲ နီထွေးနေတဲ့ နှုတ်ခမ်းအစုံက ညချမ်းရဲ့

စိတ်ကို အကြီးအကျယ်ဆွဲဆောင်ထားတယ်။



ဒီအချိန်မှာပဲ ...

သူမ နှုတ်ခမ်းလေးမပွင့်တပွင့်ဟန်နဲ့ သူ့မျက်နှာနား

တိုးလာတယ်။

သူ့နဖူးကို ညင်သာစွာ နမ်းရှိုက်လိုက်တဲ့အတွက် သူ့

တစ်ကိုယ်လုံး ကျဉ်စက်နဲ့အတို့ခံရသလို ခံစားနေရတယ်။

မိန်းမပျိုက သူ့ကို စိုက်ကြည့်ရင်း ...

"ရှင်ဟာ ... သိပ်ရိုးသားတဲ့

ယောကျ်ားတစ်ယောက်ပဲ၊ ရှင် ကျွန်မကို

မြင်မြင်ချင်း သိပ်စွဲလမ်းသွားခဲ့တာ

ဝန်ခံနိုင်မလားဟင်"

နားနားကပ်ပြီး တိုးတိုးလေးမေးလိုက်တဲ့အမေးကြောင့်

တော်ညှို့ခံရသူနှယ် မိန်းမောသွားမိတယ်။

"ဟုတ် ... ဟုတ်ပါတယ်၊

ကိုယ် မင်းကို ဒီနေရာမှာ စမြင်ကတည်းက

ဂုံးဝ မေ့လို့မရခဲ့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ့်ကို လက်ခံပေးပါ၊

ကိုယ် မင်းကို သိပ်ချစ်တယ်"

ညချမ်းဟာ နွတ်က ရေရွတ်ရင်း မိန်းမပျိုရဲ့မျက်နှာကို မက်မောစွာ ငေးစိုက်ကြည့်လိုက်တယ်။

"အခု ... ရှင် ကျွန်မကို

ဖက်ပြီး ရှင့်ရင်ခွင်ကျယ်ကြီးထဲမှာ

ထားချင်နေတာ မဟုတ်လားဟင်"

သူမ မေးလိုက်တဲ့မေးခွန်းတိုင်းက ညချမ်းရဲ့ခံစားချက်တွေချည်း။

သူဟာ မိန်းမပျိုရဲ့ နူးညံ့တဲ့ပခုံးအစုံကို ဆုပ်ကိုင်လိုက်ရင်း ...

"မင်းဟာ အကြားမမြင်များ

ပေါက်ရောက်နေသလားဟင်"

ကိုယ့်ရဲ့စိတ်ခံစားမှုတွေအားလုံး

ကြိုသိနေတယ်"



လို့ ... ပြောလိုက်တဲ့အခါ သူမ နှစ်လိုဖွယ် ပြုံးလိုက်တယ်။

"အဲဒါ ... ဘာဖြစ်လို့လဲ သိလား၊

ရှင့်လိုပဲ စတွေ့ကတည်းက

ရှင့်ကို သိပ်ချစ်မိလို့ရှင့်၊

သိပ်ချစ်တဲ့လူတွေဟာ ...

တစ်ယောက်ခံစားချက်ကို

တစ်ယောက်က နားလည်ကြတယ်လေ"

ပြောပြောဆိုဆို မိန်းမပျိုရဲ့ သွယ်လျတဲ့ လက်ချောင်းတွေက သူ့ခါးကို ဖက်တွယ်လာတယ်။

သူလည်း အလိုက်သင့် သူမရဲ့ခါးလေးကို ပြန်ဖက်လိုက်မိတယ်။

တစ်ဦးနဲ့တစ်ဦး မက်မက်မောမော အနမ်းတွေ ဖလှယ်ရင်း အိုင်စပ်ရှိ မြက်ရိုင်းပင်တွေဟာ သူတို့အတွက် ပန်းမွေ့ရာကြီးသဖွယ်။

www.burmeseclassic.com

www.burmeseclassic.com



လတစ်ခြမ်းသာ သာတဲ့ ညချမ်းလေးမှာ အသည်းပုံ ရေအိုင်နံဘေး ချစ်သူနှစ်ယောက်ရဲ့ ကလူကျီစယ်သံတွေက ဆွတ်ပျံ့သွားတော့တယ်။

□□□

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးက ကျိန်းစပ်မှုကြောင့် မျက်မှောင်ကြုတ်မိ
ရင်း ဖွင့်ကြည့်လိုက်တယ်။

"အား ... နေတောင် အတော်လင့်နေပါလား၊

ငါ ညက ဒီမှာပဲ အိပ်ပျော်သွားလိုက်တာ၊



ညချမ်းရဲ့ဘဝ လုံးဝစိုပြည်သွားပြီ၊

ငါ့ဘဝမှာ ငါ့အသက်ထက်

ပိုချစ်ရတဲ့ ချစ်သူတစ်ယောက်

ရှိသွားပြီ၊ ဒီလိုကျတော့လည်း

လောကကြီးက သိပ်ကျေနပ်ဖို့

ကောင်းပါလားဟ"

ညချမ်းဟာ ထိုသို့ကြုံးဝါးရင်း ရင်ဘတ်ဟပြဲဖြစ်နေတဲ့
အင်္ကျီကို ကြယ်သီးတပ်လိုက်တယ်။

လေကလေးချွန်ရင်း အိမ်ပျက်ကြီးဘက် စိတ်လက်ပေါ့
ပါးစွာ လျှောက်ခဲ့တော့တယ်။

အိမ်ပျက်ကြီးနားရောက်ခါနီး လမ်းခုလတ်တစ်နေရာမှာ
တော့ တောပန်းခူးနေတဲ့ ကလေးတစ်အုပ်ကို တွေ့ရတယ်။

ကလေးတစ်ယောက်က သူ့ကို မြင်သွားပြီး စိုက်ကြည့်
နေတယ်။

ဒါ့ကြောင့် ညချမ်းဟာ ခြေလှမ်းကို လမ်းကြောင်းပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ကျောက်တုံးတွေထူတဲ့လမ်းကို ချိုးကွေ့လိုက်ရတယ်။

ကျောက်တုံးတစ်တုံးရဲ့အနောက်မှာ ပုန်းအောင်းရင်း ကလေးတွေရဲ့အရိပ်အခြည်ကို အကဲခတ်လိုက်တယ်။

အတန်ကြာအောင် စောင့်ဆိုင်းပြီးမှ ကလေးတွေ ပြန်သွားကြတယ်။

ဒီတော့မှ အိမ်ပျက်ကြီးဘက် ခပ်သုတ်သုတ် လျှောက်သွားလိုက်တယ်။

"ငါ့ကို ကလေးတစ်ယောက်

မြင်သွားပြီ၊ မဖြစ်ဘူး ...

ဆရာကြီးဆီ အကြောင်းကြားမှဖြစ်မယ်"

ညချမ်းဟာ အိမ်ပျက်ကြီးထဲ ပြန်ရောက်တဲ့အခါ စာတိုလေးတစ်စောင်ရေးပြီး ငှက်လေးရဲ့ခြေထောက်မှာ ချည်လိုက်တယ်။

ပြီးတော့ ... ပြတင်းပေါက်ကတစ်ဆင့် ငှက်လေးကို လွှတ်ပေးလိုက်တယ်။



သူဟာ ခုတင်ပေါ်ထိုင်ရင်း ဆရာကြီးပေးလိုက်တဲ့ ရိက္ခာတွေကို ထုတ်စားလိုက်တယ်။

သူ့အာရုံထဲမှာတော့ ညက တယောမိန်းကလေးနဲ့ ချစ်တင်းနှောခဲ့ပုံကို တရိပ်ရိပ် မြင်ယောင်နေမိတယ်။

နာရီဝက်မျှကြာတဲ့အခါ ပြတင်းပေါက်ကို ငှက်ကလေး ပြန်ရောက်လာတယ်။

ခြေထောက်က စာရွက်လိပ်လေး ဖြုတ်ပြီး လှောင်ချိုင့်ထဲ ပြန်ထည့်ထားလိုက်တယ်။

"ကောင်လေး ... မင်း ဘယ်မှမသွားနဲ့၊

ငါ ချက်ချင်းလာခဲ့မယ်"

စာရွက်လေးကို ဖတ်ပြီး သူ အံ့အားသင့်သွားတယ်။

"ငါရေးလိုက်တဲ့ စာထဲမှာ

ငါ ဘယ်မှာနေလဲဆိုတာမှ မပါဘဲ၊

ဘာလို့ ဆရာကြီးက လာခဲ့မယ်လို့

ပြောနိုင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ရေရွတ်ရင်း အိပ်ရာပေါ် လှဲချလိုက်တယ်။

"ဟူး ... ငါ့ဘဝကလည်း
ရင်ခုန်စရာတွေရော, ရင်မောစရာတွေပါ
ပြည့်သိပ်နေပါလား၊
ငါနဲ့ ရုပ်ချင်းဆင်တဲ့ စုံထောက်ကို
ဓားပြတွေ မတွေ့မချင်း
ငါက ပြေးလွှားပုန်းအောင်းနေရဦးမယ်၊
ဒါပေမဲ့ ... ဒီဒေသကိုရောက်လာလို့
ငါ့ရဲ့အချစ်စစ်ကို ငါ တွေ့ရတာ၊
ဒါဟာ ... ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရဘူး၊
ငါ သူ့ကို ဘာကြောင့်များ
ဒီလောက် စွဲလမ်းမိပါလိမ့်"

ဒီအချိန်မှာပဲ အိမ်ပျက်ကြီးရဲ့အောက်ထပ်က ခြေသံလိုလို ကြားလိုက်ရတယ်။



ညချမ်းဟာ ဓားရှည်ကို ဆွဲယူပြီး အိပ်ရာထက်ကနေ ဆတ်ခနဲ ခုန်ဆင်းလိုက်တော့တယ်။

□□□

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

သချမ်းဟာ ...

အပေါ်ထပ်ရဲ့လှေကားထစ်မှာ ထောင့်ကပ်ရင်း အသံကို နားစွင့်လိုက်တယ်။

လှေကားအတိုင်း တက်လာတဲ့ ခြေသံ။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထစ်နား ရောက်ခါနီးမှာတော့ သူဟာ အရှေ့ကို ဆတ်ခနဲ ထွက်လိုက်ပြီး စားရှည်နဲ့ ရွယ်လိုက်တယ်။

"ဟ ... ကောင်လေး၊

ငါပါကွ၊ မင်းစားကြီး ဖယ်စမ်းပါ"

အသံနဲ့အတူ လူကိုပါမြင်လိုက်မှ ညချမ်းဟာ လေပူမှုတ်ထုတ်လိုက်ရင်း ...

"ဟူး ... တော်ပါသေးရဲ့၊

ဒီနေရာက ကျီးလန့်စာ စားနေရသလိုပဲဗျာ၊

စိတ်မောဖို့ သိပ်ကောင်းတယ်"

လို့ ရေရွတ်လိုက်မိတယ်။

ဆရာကြီးဦးမော်က အိမ်ပျက်ကြီးရဲ့အပေါ်ထပ်ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး ... သူ့လက်ကို ဆတ်ခနဲ ဆွဲလိုက်တယ်။

"ကောင်လေး ... မင်းပစ္စည်းတွေ

အမြန်သိမ်းစမ်း၊

မင်းကွာ ... တကယ့်ကောင်ပဲ"



အောက်လမ်းဆရာကြီး ဦးမော်ရဲ့အပြောကြောင့် သူ့မေးဖို့ ပါးစပ်ပြင်လိုက်တယ်။

"ဘာမှမမေးနဲ့ ... ပစ္စည်းသာ သိမ်းစမ်းပါ"

သူ ဘာမှမမေးဝံ့တော့ဘဲ အခန်းထဲဝင်ပြီး ပစ္စည်းတွေသိမ်းလိုက်တယ်။

ဖျင်လွယ်အိတ်ကြီးနဲ့ ရိက္ခာထုပ်ကြီးကို တစ်ဖက်စီ ဆွဲကိုင်ရင်း ဆရာကြီးနောက် လိုက်သွားရတယ်။

အောက်လမ်းဆရာကြီးဦးမော်က အိမ်ပျက်ကြီးရဲ့ ပြင်ပဆီ ခေါ်ဆောင်သွားတယ်။

"မင်း သိပ်မိုက်တဲ့ကောင်ပဲကွ၊

ဒီနေရာမှာ ဘာလို့နေရတာလဲ"

ဆရာကြီးရဲ့အမေးကြောင့် သူက ...

"ကျုပ်လည်း စရောက်တဲ့နေ့တည်းက

ပြေးလွှားရင်း ဒီအိမ်ပျက်ကြီးမှာပဲ

နေခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာက သိပ်လှံခြံတယ်

ဆရာကြီးရ"

လို့ ဖြေလိုက်တဲ့အခါ ဆရာကြီးက သူ့မျက်နှာကို ငေး

စိုက်ကြည့်နေတယ်။

"ငါတို့ဒေသမှာ လူအားလုံး

သိပ်ကြောက်ရွံ့တဲ့နေရာ

သွေးစုပ်တစ္ဆေတွေ ...

သောင်းကျန်းလွန်းတဲ့နေရာဟာ

မင်းနေတဲ့ အိမ်ပျက်ကြီးနဲ့

အသည်းပုံရေအိုင်ကြီးပဲကွ၊

အဲဒါ မင်းသိရဲ့လား"

ဆရာကြီးရဲ့စကားကြောင့် သူ မျက်မှောင်ကြုတ်သွား

တယ်။

ခေါင်းခါယမ်းလိုက်မိရင်း ...

"မဖြစ်နိုင်ဘူးထင်တယ် ဆရာကြီး၊



ကျုပ်နေတာ ကြာပြီပဲ၊

ဘာမှမဖြစ်သလို ... ဘာမှလည်း

ခြောက်လှန့်မခံရဘူး၊

ဒါပေမဲ့ ... အသည်းပုံရေအိုင်ကြီးက

သွေးစုပ်တစ္ဆေရှိတယ်ဆိုတာ

တကယ်ရော ဟုတ်ရဲ့လား၊

ကြားရတာ ကျုပ်အတွက် ...

သိပ်အံ့ဩတယ်"

အောက်လမ်းဆရာကြီးဦးမော်က ခေါင်းခါယမ်းလိုက်

တယ်။

"မဟုတ်သေးဘူး ကောင်လေး ...

ငါက ဒီဒေသက လူပါကွ၊

မင်းကို မဟုတ်ဘဲ ပြောစရာ

ဘာအကြောင်းမှ မရှိဘူး၊

မင်းကို ငါပြောပြမယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာမြင်နေရတဲ့ အသည်းပုံရေအိုင်ဆိုရင်
ဘယ်ယောကျ်ားမှ မသွားဝံ့ဘူး၊
အသည်းပုံရေအိုင်ကို ရောက်သွားတဲ့
ယောကျ်ားတိုင်း သွေးစုပ်သူယောင်မယ်တွေရဲ့
ဖမ်းစားခြင်းခံရတယ်၊
ဒီလိုပဲကွ ... မင်း တက်နေနေတဲ့
အိမ်ပျက်ကြီးဆိုရင်လည်း
သိပ်ကြောက်ဖို့ကောင်းတဲ့ရာဇဝင်
ရှိခဲ့တယ်ကွ၊ အကောင်းဆုံးကတော့
မင်းကို ငါ နေစရာရှာပေးမှ ဖြစ်တော့မယ်”
“အာ ... ဒါတော့ မဖြစ်နိုင်ဘူး
ဆရာကြီး၊ အိမ်ပျက်ကြီးမှာ
ဘယ်လို ရာဇဝင်ပဲရှိရှိ
ကျုပ်အတွက် နေရတာ သိပ်အဆင်ပြေတယ်၊
ကျုပ် အဲဒီမှာပဲ နေမယ်ဗျာ၊



ပြီးတော့ ... ဆရာကြီးတို့ကသာ
အသည်းပုံရေအိုင်မှာ
သွေးစုပ်သူယောင်မယ် ရှိတယ်လို့
ပြောတာ၊ မိန်းကလေးတွေတောင်
ဒီအိုင်မှာ တွေ့နေရတာပဲဗျ”

ညချမ်းရဲ့စကားကြောင့် ဆရာကြီး မျက်မှောင်ကြုတ်သွားသလို မျက်နှာလည်း အကြီးအကျယ်ပျက်ယွင်းသွားရှာတယ်။

“ဘယ်လို ... မိန်းကလေးတွေတောင်
တွေ့တယ်ဟုတ်လား”

ဆရာကြီးရဲ့ပြူးပြူးကြောင်ကြောင်အမေးကြောင့် ညချမ်းတစ်ယောက် အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ...

“အင် ... အဲ ... ဟုတ်တယ်လေ၊
ကျုပ်ဆို အဲဒီအိုင်မှာပဲ
အမြဲရေဘူးကို ရေဖြည့်နေကျ၊

www.burmeseclassic.com

www.burmeseclassic.com



အိုင်မှာ ရေလာချိုးတဲ့မိန်းကလေးတွေ၊

ရေခပ်နေတဲ့ မိန်းကလေးတွေကို

မြင်နေရတာပဲ၊

ဘာများဆန်းလို့လဲ ဆရာကြီးရ”

လို့ တယောမိန်းမပျိုရဲ့အကြောင်းကို ချန်လှပ်ပြီး ပြောလိုက်တယ်။

အောက်လမ်းဆရာကြီးဦးမော်က သူ့ကို သက်ာမကင်းဟန်နဲ့ကြည့်ရင်း ...

“မဖြစ်ဘူး ညချမ်း၊

မင်းကို ငါ စိုးရိမ်လာပြီ၊

ထူးဆန်းနေတာ ...

ဒီလောက်သိပ်ကြမ်းတဲ့နေရာမှာ

မင်းအေးအေးဆေးဆေး နေနိုင်နေတာ

အံ့သြစရာပဲ၊ ဘာပဲဖြစ်ဖြစ် ...

မင်း ငါ့နောက် လိုက်ခဲ့ပေတော့”



လို့ ပြောလာတယ်။

ညချမ်းက ကပျာကယာ ငြင်းဆန်လိုက်တယ်။

“ဟင့်အင်း ... ကျုပ် လုံးဝမလိုက်ဘူး

ဆရာကြီး၊

ဆရာကြီးပဲ စဉ်းစားကြည့်ပါ၊

ရွာထဲမှာလည်း ကျုပ်နေလို့မရဘူး၊

အိမ်ပျက်ကြီးက ကျုပ်အတွက်

အလုံခြုံဆုံးပဲ၊ ကျုပ် ...

အိမ်ပျက်ကြီးမှာပဲ နေချင်တယ်”

သူ့အပြောကြောင့် ဆရာကြီးက သက်ပြင်းရှည်ကြီးချလိုက်တယ်။

“မင်းမှာ တခြားအကြောင်းများ

ရှိနေသလား ညချမ်း”

လေးတွဲ့တွဲ့မေးလာတဲ့ ဆရာကြီးရဲ့စကားကြောင့် သူ မလုံမလဲ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ပြန်မဖြေဖြစ်ဘဲ ခေါင်းခါယမ်းပြမိတယ်။

ဆရာကြီးဦးမော်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း

"ကောင်းပြီလေ၊

မင်း အဆင်ပြေမယ့်နေရာမှာပဲနေပါ၊

ငါ မင်းကို ဘာမှမပြောတော့ဘူး

ကောင်လေး၊ ဒါပေမဲ့ ...

ဒီလိုမင်းကို နေခွင့်ပြုတဲ့အတွက်

ငါစီစဉ်တာကိုတော့

မင်းလက်ခံရမယ် ကောင်လေး"

ညချမ်းဟာ မျက်မှောင်တွန့်သွားမိပြီး ...

"ဟုတ်ကဲ့ပါ ဆရာကြီး ...

ဆရာကြီး စီစဉ်တာကို

ကျုပ် လက်ခံပါတယ်"

□□□

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

"ဖွင့်လှယ်အိတ်မှာရှိတဲ့ မင်းရဲ့အင်္ကျီတွေ

အားလုံးထုတ်လိုက်စမ်း"

အောက်လမ်းဆရာကြီးဦးမော်ရဲ့စကားကြောင့် ...

ညချမ်းဟာ ဘုမသိဘမသိစွာဘဲ အင်္ကျီတွေ ထုတ်ပေး



လိုက်ရတယ်။

ဆရာကြီးဦးမော်က ၎င်းရဲ့ဆေးလွယ်အိတ်အစုတ်လေး

ထဲက စုတ်တံနဲ့ဆေးဘူးကို ထုတ်ယူလိုက်တယ်။

ညချမ်းရဲ့အင်္ကျီအားလုံးကို မြေပေါ်ဖြန့်ခင်းထားပြီး

စုတ်တံနဲ့ဆေးတို့လိုက်တယ်။

သူဟာ ဆရာကြီးရဲ့လုပ်ရပ်ကို ခေါင်းကုတ်ရင်း ငေး

ကြည့်နေမိတယ်။

ဆရာကြီးက သူ့အင်္ကျီအားလုံးရဲ့ကျောအပြင်မှာ အင်း

ကွက်တွေ ရေးဆွဲပေးတယ်။

သူဝတ်ထားတဲ့အင်္ကျီကိုပါ ချွတ်ခိုင်းပြီး အင်းကွက်ဆွဲ

ပေးပြန်တယ်။

အလုံးစုံပြီးတဲ့အခါ ဆရာကြီးက ...

"ကဲ ... မင်း နေချင်တဲ့နေရာမှာ

နေပေတော့ ညချမ်း၊

တစ်ခုတော့ ရှိတယ်ကွ ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပျက်ကြီးမှာ မင်းနေသရွေ့

အကျီချွတ်နဲ့ ဘယ်တော့မှ

မနေပါနဲ့၊ ဒါဟာ ...

မင်းအတွက် အရံအတားပဲကွ”

လို့ ပြောလိုက်တယ်။

“ကောင်းပါပြီ ဆရာကြီးရယ် ...

ပြောတဲ့အတိုင်း ကျုပ် နေပါ့မယ်၊

ဆရာကြီးရဲ့ စေတနာနဲ့မေတ္တာကို

ကျုပ် သိပါတယ်၊ ကျုပ်ကြောင့်သာ

ဆရာကြီး ဘေးတွေ့မှာ

သိပ်စိုးရိမ်မိပါတယ်”

၎င်းအပြောကြောင့် ဆရာကြီးက သူ့ပခုံးကို ပုတ်လိုက်တယ်။

“ကဲ ... ကဲ ... အိမ်ပျက်ကြီးကို

ပြန်ပေတော့ ညချမ်း၊



အပြင်မှာ ကြာကြာနေရင်

မင်းအတွက် အန္တရာယ်

သိပ်ကြီးတယ် ကောင်လေး”

ညချမ်းတစ်ယောက် ဆရာကြီးဦးမော်ကို နှုတ်ဆက်ပြီး အိမ်ပျက်ကြီးဘက် လျှောက်ခဲ့မိတယ်။

သူဟာ ချုံနွယ်ပိတ်ပေါင်းတွေကြား တိုးဝှေ့ပြီး အိမ်ပျက်ကြီးရဲ့ခြံဝင်းထဲ ခြေချလိုက်တယ်။

ခြောက်ကပ်တိတ်ဆိတ်ဖွယ်အတိနဲ့ အထီးကျန်ဆန်လွန်းလှတဲ့ အိမ်ပျက်ကြီးကို အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်မိတယ်။

သူ့ရဲ့အတွင်းစိတ်မှာ ဘာကြောင့်များ ဒီနေရာကို နှစ်သက်နေမိပါလိမ့်။

သူနေထိုင်တဲ့ ကာလတစ်လျှောက် အေးချမ်းမှုတွေ အတိပြီးနေခဲ့တယ်။

ဆရာကြီးရဲ့စကားတွေ ပြန်ကြားယောင်မိတဲ့အခါ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ မောသွားမိတယ်။

"ဆရာကြီးကတော့ ...

ငါ့ကို လုပ်ကြံပြောမှာမဟုတ်ဘူး၊

ဟောဒီအိမ်ပျက်ကြီးဟာ ...

သိပ်ကြောက်စရာကောင်းတယ်ဆိုတာ

သူတို့တစ်ရွာလုံး လက်ခံထားပုံရတယ်၊

ဘာကြောင့် ...

ငါကျတော့ ကြောက်လန့်စရာတွေ

လုံးဝ မကြုံတွေ့ခဲ့ရတာလဲ၊

ဟူး ...

အဖြေရှာမရတဲ့ ပုစ္ဆာတစ်ပုဒ်လိုပဲ၊

ဘယ်လိုမှ တွေးမရဘူးကွာ"

ညချမ်းဟာ တွေးတောရင်း မြက်ရိုင်းပင်တွေကို ကျော်ဖြတ်ပြီး အိမ်ပျက်ကြီးထဲ ပြန်ဝင်ခဲ့တယ်။

အပေါ်ထပ်ရဲ့ အိပ်ခန်းထဲရောက်တဲ့အခါ အိပ်ရာပေါ်



ခြေပစ်လက်ပစ်လှဲချလိုက်ရင်း မျက်လုံးမှိတ်လိုက်မိတယ်။

တယောရှင်မိန်းကလေး ...

သူ့အာရုံထဲ ဖျတ်ခနဲ ပေါ်လာတယ်။

အချစ်နယ်တွေ လွန်ခဲ့ကြပေမယ့် သူမရဲ့နာမည်ကိုတောင် သူ မသိလိုက်ရဘူး။

သူမ ဘယ်မှာနေသလဲဆိုတာ ဝေးစွ ...။

သူ့ရင်ထဲ သူမနဲ့ တွေ့ဆုံလိုစိတ် သိပ်ပြင်းပြသွားရတယ်။

ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး လုံးဝအတွေ့အကြုံမရှိသူအဖို့ သူမရဲ့အထိအတွေ့တွေက မေ့ပျောက်မရအောင် နှူးညှံ့နေခဲ့တယ်။

ဝိုင်းစက်စက်မျက်ဝန်းတစ်စုံကို ပြင်းပြင်းပြပြ တမ်းတခြင်း သူ့စိတ်တွေ လေဟာနယ်ထဲ ရောက်သွားသလို ပေါ့ပါးသွားရတယ်။

မနေ့ညက အဖြစ်အပျက် ...

www.burmeseclassic.com

www.burmeseclassic.com



အသည်းပုံရေအိုင်စပ်က ချစ်ဇာတ်လမ်းကို ပြန်တွေးပြီး သူ လုံးဝမိန်းမောသွားမိတယ်။

နံ့သာနံ့သင်းသင်းလေးက နှာခေါင်းထဲ တိုးဝင်လာတဲ့အတွက် မျက်လုံးတွေ ဆတ်ခနဲ ပွင့်သွားတယ်။

အိပ်ရာကထထိုင်ပြီး အခန်းအနှံ့ မျက်လုံးဝေ့ကြည့်လိုက်တယ်။

ဘယ်သူမှ မရှိဘူး။

သူဟာ စားပွဲပေါ်တင်ထားတဲ့ ဘူးသီးခြောက်ရေဘူးကို လှမ်းဆွဲလိုက်တယ်။

ရေဘူးက စားပွဲအောက်ကို ပြုတ်ကျသွားပြီး ကြမ်းပေါ် လိမ့်သွားတယ်။

ညချမ်းဟာ ဖယောင်းတိုင်ကို ထွန်းလိုက်ရင်း ရေဘူးကို ကုန်းကောက်လိုက်တယ်။

ရေဘူးက စားပွဲခုံအောက်ထဲ လိမ့်ဝင်သွားတဲ့အတွက် စားပွဲအောက်ဝင်ပြီး လှမ်းယူလိုက်ရတယ်။



ဒီအချိန်မှာပဲ ဖယောင်းတိုင်မီးရဲ့အလင်းရောင်အောက် တစ်စုံတစ်ခုကို သူတွေ့သွားတယ်။

ဖုန်အလိမ်းလိမ်းတက်နေတဲ့ ကတ်ပြားလို အရာလေး တစ်ခု။

သူဟာ ထိုအရာလေးကို လှမ်းယူပြီး ဖယောင်းတိုင်မီး ကို စားပွဲပေါ် တင်လိုက်တယ်။

ဖုန်တွေဖယ်ရှားပြီး ကြည့်မိတဲ့အခါ အဖြူအမည်းဓာတ်ပုံလေး ဖြစ်နေတာ တွေ့ရတယ်။

ပုံရိပ်ကို သဲကွဲစွာမမြင်ရတာကြောင့် အဝတ်နဲ့ သေချာ သုတ်ပြီး ကြည့်မိတယ်။

သူ အရမ်းအံ့ဩသွားပြီး

'ဟာ' ... ခနဲ

ရေရွတ်လိုက်တယ်။

သေးသေးသွယ်သွယ်ကိုယ်လုံးလေးနဲ့ ရိုးရှင်းတဲ့မျက်နှာ လေးတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



"တယောမိန်းကလေး၊

ဟာ ... ဒီပုံက ...

တယောမိန်းကလေးနဲ့ သိပ်တူနေပါလား"

□□□

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

**သချမ်းတစ်ယောက်** အထိတ်တလန့် ရေရွတ်မိ
စဉ်မှာပဲ ပြတင်းပေါက်က လေပြင်းတွေ တိုးဝင်လာတယ်။

စေ့ထားတဲ့ အခန်းတံခါးဟာ လေပြင်းရဲ့အရှိန်ကြောင့်
ကျွီ …ခနဲ ပွင့်သွားတော့တယ်။



ဖယောင်းတိုင်မီး ငြိမ်းသွားပြီး အခန်းဝမှာ အဖြူရောင်
သဏ္ဌာန်တစ်ခု အထင်အရှား မြင်လိုက်ရတယ်။

ညချမ်းဟာ ထိုင်ရာက ထရပ်ရင်း ငေးစိုက်ကြည့်နေမိ
တယ်။

အမှောင်မှာ ပုံရိပ်က တဖြည်းဖြည်း ထင်ရှားလာတယ်။

သူ့ကို ပြုံးကြည့်ရင်း တရွေ့ရွေ့လှမ်းလာတဲ့ အဖြူ
ရောင်ဝတ်စုံနဲ့ တယောမိန်းကလေး။

"မင်း … မင်း … ကိုယ်ဒီမှာရှိတာ
ဘယ်လိုသိလဲဟင်"

သူ့ရဲ့ ခပ်တိုးတိုးအမေးကြောင့် သူမက လက်ညှိုးလေး
နဲ့ နှုတ်ခမ်းကို ဖိကပ်လိုက်ရင်း …

"ရှင့်ကို ကျွန်မ သိပ်လွမ်းတာပဲရှင်၊
ရှင်လည်း လွမ်းနေတာပဲမဟုတ်လား"

တယောမိန်းကလေးက သူ့ပခုံးကို ဆုပ်ကိုင်ရင်း အိပ်
ရာပေါ် ထိုင်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် … ကိုယ့်စိတ်ထဲမှာ

အချိန်တိုင်း မင်းရှိနေတယ်၊

တကယ်လို့ …

မင်းနဲ့သာ ခွဲခွာရမယ်ဆိုရင်

ကိုယ့်ဘဝ ပျက်သွားနိုင်တယ်”

သူ့ရင်ဘတ်ထဲက လျှံထွက်လာတဲ့ စကားကြောင့် သူမ နှစ်ခြိုက်သွားဟန်နဲ့ သူ့ပါးပြင်ကို ဖွဖွလေး နမ်းရှုပ်လိုက်တယ်။

ညချမ်းဟာ သူမကို တင်းကျပ်စွာ ဖက်တွယ်ထားလိုက်ရင်း တစ်ခုံတစ်ခုကို သတိရသွားတယ်။

“ကိုယ် မင်းကို အံ့သြစရာ

ပြစရာရှိတယ်၊

ဒီမှာ ကြည့်ပါဦး”

ညချမ်းက သူမနဲ့တူတဲ့ ဓာတ်ပုံပြဖို့အတွက် ဖယောင်းတိုင်ကို မီးညှိလိုက်တယ်။

တယောမိန်းကလေးက ညချမ်းရဲ့လက်တစ်ဖက်ကို



ပွတ်သပ်ရင်း …

“ကျွန်မ သိပါတယ်၊

ရှင် ဓာတ်ပုံတစ်ပုံပြဖို့ မဟုတ်လား”

လို့ ပြောလိုက်တဲ့အခါ ညချမ်းရဲ့မျက်ခုံးထူကြီးတွေ မြင့်တက်သွားရတယ်။

“ဟင် … မင်း ဒါလည်း သိနေပါလား၊

မင်းဟာ လူရော ဟုတ်ရဲ့လားဟင်၊

နတ်သမီးလေးများ ဖြစ်နေလေရောသလား”

တယောမိန်းကလေး သူ့စကားကို သဘောကျဟန်နဲ့ တခစ်ခစ် ရယ်မောလိုက်တယ်။

“လူလည်းမဟုတ် …

နတ်သမီးလည်း မဖြစ်ဘဲ …

ဝိညာဉ်တစ္ဆေ ဖြစ်နေရင်ရော၊

ရှင် ချစ်နိုင်ပါဦးမလားရှင့်”

ညချမ်းက ခေါင်းကို လေးတွဲ့တွဲ့ ခါယမ်းလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ဘာပဲဖြစ်နေဖြစ်နေ
ကိုယ့်အချစ်တွေက လုံးဝ
လျော့သွားမှာ မဟုတ်ဘူး၊
ဒါပေမဲ့ ...
ကိုယ် မင်းရဲ့ဘဝအကြောင်းကို
သိချင်တယ်၊ ခုထိ ...
မင်းနာမည်တောင် ကိုယ်မသိရသေးဘူး"

လို့ ပြောလိုက်တဲ့အခါ သူမက သူ့ကို မျက်လုံးရွှဲကြီးတွေနဲ့ စိုက်ကြည့်နေရှာတယ်။

ပြီးတော့ ...

"ရှင့်နာမည်က ညချမ်း၊
အောက်လမ်းဆရာကြီးဦးမော်ရဲ့
တပည့်တစ်ယောက်ပဲ၊ ရွာထဲက
ဓားပြအဖွဲ့ ရှင့်ကို လူမှားပြီး
မြေလှန်ရှာနေလို့ ရှင် ဒီမှာ



ခိုအောင်းနေရတာ မဟုတ်လား"

"ဟား ... ကိုယ် လက်ဖျားခါလောက်အောင်
အံ့သြသွားပြီ၊ ကိုယ့်အကြောင်း ...
အားလုံးသိနေတာပဲကွာ၊
မင်းအကြောင်း ကိုယ် ဘာမှမသိဘူး"

မိန်းမပျိုက ပြတင်းပေါက်ကို ရီဝေစွာ ငေးစိုက်ကြည့်နေတယ်။ သက်ပြင်းသဲ့သဲ့ရှိုက်ရင်း ...

"ကျွန်မနာမည်က သီရိစောနန်းနွယ်ပါ၊
ရှင်တွေ့ခဲ့တဲ့ဓာတ်ပုံက ကျွန်မရဲ့ပုံပါပဲ၊
ဟောဒီ အိမ်ပျက်ကြီးဟာလည်း ...
ကျွန်မရဲ့ အိမ်ပါပဲရှင်"

လို့ ပြောလိုက်တဲ့အခါ သူ မျက်လုံးပြူးသွားမိတယ်။

"ဘာ ... ဒီအိမ်ကြီးက ...
မင်းရဲ့အိမ် ... ဟုတ်လား၊
ကိုယ် ဘာမှနားမလည်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



စောနန်းရယ်၊ ကိုယ့်ခေါင်းထဲမှာ

သိပ်ရှုပ်ထွေးသွားပြီကွာ"

မိန်းမပျိုက သူ့မျက်နှာကို ဆွေးဆွေးလေး ငေးစိုက်ကြည့်နေရှာတယ်။

"ကျွန်မ,ပြောတဲ့စကားကို ရှင်

လေးလေးနက်နက် နားထောင်ပါ

ညချမ်း၊ တကယ်တော့ ...

ကျွန်မဟာ လူသားမဟုတ်ဘူး၊

ရှင့်ကို သိပ်ချစ်မိသွားတဲ့ ...

ဝိညာဉ်မတစ်ယောက်ပါ"

သီရိစောနန်းနွယ်ရဲ့အပြောကြောင့် သူ့တစ်ကိုယ်လုံး အသက်မဲ့သလို ခံစားလိုက်ရရင် ...

'ဟာ'ခနဲ ရေရွတ်လိုက်မိတယ်။

□□□

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင် သိပ်ကြောက်သွားပြီလားဟင်၊

တကယ်တော့ ... ကျွန်မအပါအဝင်

ကျွန်မရဲ့မိသားစုအားလုံး ...

လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လောက်ကတည်းက

အစိမ်းသေ သေဆုံးခဲ့ကြရတယ်၊

ကျွန်မရဲ့လိပ်ပြာက သိပ်လှတဲ့အတွက်

ဒီအရပ်ကလူအားလုံး ကိုးကွယ်ကြတဲ့

တွင်းစောင့်နတ်သမီးက ကျွန်မရဲ့

ဝိညာဉ်ကို ထိန်းချုပ်ထားခဲ့တယ်၊

မယ်ဖုရားရဲ့အလိုအရ ကျွန်မတို့ဟာ

အသည်းပုံရေအိုင်ဆီရောက်လာတဲ့

ယောကျ်ားတိုင်းကို အယောင်ပြဖမ်းစားပြီး

သွေးစုပ်ခဲ့ကြတယ်၊

ဒါဟာ ... ကျွန်မတို့အတွက် မဟုတ်ဘူး၊

မယ်ဖုရားကြီးအတွက်

သွေးစုပ်ပေးရခြင်းပဲဖြစ်တယ်၊

တကယ်တော့ ...

ရှင်ဟာ ကျွန်မရဲ့သားကောင်ပါပဲ၊

ဒါပေမဲ့ ... ရှင့်ကို မြင်မြင်ချင်း ..

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်တဲ့ ခံစားချက်တွေ

ကျွန်မရင်ထဲ ဖြစ်ပေါ်လာခဲ့ရတယ်၊

ဒါကြောင့် ... ရှင့်ကို ဖမ်းစားခြင်းမပြုဘဲ

ကျွန်မရဲ့အိမ်ကြီးဆီ အရောက်ပို့ပေးခဲ့မိတယ်၊

ဒီကိစ္စကို မယ်ဖုရားကြီး လုံးဝမသိဘူး၊

သူ မသိသလို ရှင့်ရဲ့ဆရာကြီး

ဦးမော်လည်း လုံးဝသိလို့ မဖြစ်ဘူး၊

ဦးမော်ဟာ ရှင့်နဲ့ကျွန်မ ပတ်သက်မှန်းသိရင်

ရှင့်ကို တားဆီးသလို၊ ကျွန်မကိုလည်း

ရှင်နဲ့ ကွဲကွာအောင် လုပ်ပစ်လိမ့်မယ်ရှင့်၊

ခုတောင် ... ရှင်ရဲ့အင်္ကျီတိုင်းမှာ

သူ့အင်းကွက်တွေ ချထားပေးတယ်

မဟုတ်လားရှင့်"

သီရိစောနန်းနှယ်ထံက ကြားရတဲ့စကားတွေကြောင့်

ညချမ်းတစ်ယောက် အကြီးအကျယ် တုန်လှုပ်မိသွားတယ်။



ဆောက်တည်ရာမဲ့သွားတဲ့စိတ်ကို ငြိမ်အောင်ထိန်းချုပ်ရင်း စိတ်ဆုံးဖြတ်ချက်ချလိုက်တယ်။

စောနန်းရဲ့လက်အစုံကို တင်းကျပ်စွာ ဖျစ်ညှစ်မိရင်း...

"စောနန်းရယ် ... ခင်ဗျားရဲ့အဖြစ်ကို

ကြားရတာ ကိုယ် ... တကယ်

စိတ်မကောင်းဖြစ်မိတယ်၊

ကိုယ်ပြောပြီးပြီလေ ...

စောနန်း ဘာပဲဖြစ်နေ,ဖြစ်နေ

ကိုယ့်အချစ်က ပြောင်းလဲသွားမှာ

မဟုတ်ဘူး၊

စောနန်းကလွဲရင် ကိုယ့်အတွက်

ဘယ်အရာမှ အရေးမကြီးဘူး၊

စောနန်းအတွက် ထိတ်လန့်စရာတွေအားလုံး

ကိုယ် ဖယ်ရှားပေးမယ် ...

နော် ... အချစ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပြီး အင်းကွက်ချထားတဲ့ အကျီကို ဆွဲချွတ်ပစ်လိုက်တယ်။

ဒီအချိန်မှာပဲ ...

သီရိစောနန်းနွယ်ရဲ့လည်တိုင်မှာ ဆွဲထားတဲ့ ခြုံသီးပါဆွဲကြိုးလေးဟာ လျှပ်ယမ်းသွားတယ်။

'ဂလောင် ... ဂလောင် ...

ဂလောင် ... ဂလောင် ...'

အသံကြောင့် သူမဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"ကျွန်မ ... ကျွန်မ ပြန်ရတော့မယ်၊

မယ်ဖုရား ခေါ်နေပြီ ညချမ်းရယ်'

လို့ ရေရွတ်ရင်း သူ့ပါးပြင်ကို နမ်းရှုပ်လိုက်တယ်။

"ဟင့်အင်း ... စောနန်း ဘယ်သွားသွား

ကိုယ်လိုက်ခဲ့မယ်၊

ကိုယ့်ကို မထားခဲ့ပါနဲ့ စောနန်းရယ် ...

နော်"



သူဟာ သူမရဲ့ခါးသေးသေးလေးကို ဖက်တွယ်ရင်း ဇာလေးငယ်လို တောင်းဆိုလိုက်တယ်။

"မဖြစ်နိုင်ဘူး ရှင်ရယ်၊

ရှင်လိုက်လို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊

ကျွန်မမှာ အချိန်မရှိတော့ဘူး၊

သွားတော့မယ်နော်"

သီရိစောနန်းနွယ်က သူ့ကိုယ်ထဲက ရုန်းထွက်ရင်း အပြေးတစ်ပိုင်း ထွက်သွားတယ်။

"စောနန်း ... စောနန်း ...

ကိုယ်လိုက်ခဲ့မယ်၊

နေပါဦး စောနန်းရယ်"

ညချမ်းဟာ နှုတ်က ရေရွတ်ပြီး သူမနောက် ပြေးလိုက်သွားတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

**ပတ်ဝန်းကျင်တစ်ခုလုံး** မှောင်မည်းနေသလို မိုးစက်တွေ တဖျောက်ဖျောက်ကျနေတယ်။

အဝေးမှာ တရိပ်ရိပ်ပြေးနေတဲ့ အဖြူရောင်အရိပ်ကို မှန်းဆရင်း ညချမ်းတစ်ယောက် ကောက်ကောက်ပါအောင်

www.burmeseclassic.com



လိုက်သွားတယ်။

ကျောက်တုံးဖြူကြီးတွေ ထူထပ်လွန်းတဲ့ နေရာတစ်ခုရဲ့ အကျော်မှာတော့ ချောင်းငယ်လေးတစ်ခု။

လခြမ်းသဏ္ဌာန်ခုံးခုံးလေးလုပ်ထားတဲ့ အဖြူရောင် သစ်သားတံတားငယ်လေး။

တံတားငယ်လေးရဲ့အလွန်မှာတော့ ဘုံကျောင်းလို အဆောက်အအုံငယ်တစ်ခု ရှိနေတယ်။

ညချမ်းဟာ သိီရိစောနန်းနွယ်ရဲ့နောက်ကို မျက်ခြည်မပြတ်လိုက်ရင်း တံတားကိုကျော်ပြီး အဆောက်အအုံငယ်လေးရဲ့ရှေ့ ရောက်သွားတယ်။

သိီရိစောနန်းနွယ်က အထဲကို ပြေးဝင်သွားပြီး တံခါးပြန်ပိတ်သွားတဲ့အတွက် သူ ဘာလုပ်ရမှန်းမသိ ဖြစ်သွားရတယ်။

ဒီအချိန်မှာပဲ မှန်ချပ်တွေကာရံထားတဲ့ ပြတင်းပေါက်မှာ လှုရိပ်တွေကို တွေ့လိုက်ရတယ်။

ဒါကြောင့် ... ပြတင်းပေါက်ဘောင်ရဲ့အောက်မှ အသာ



ဝပ်ရင်း နေလိုက်ရတယ်။

'ဖျန်း' ... ခနဲအသံနဲ့အတူ ..

"ဒီရက်ပိုင်း ညည်း ဘာတွေ

လုပ်နေသလဲ မိသီရိ၊

ငါ့အတွက် သွေးမပို့နိုင်တာ

ညည်း ဘယ်နှရက်ရှိနေပြီလဲ ...

ဟင်"

မိုးကြိုးပစ်တဲ့အလား ကျယ်လောင်မာထန်လွန်းတဲ့ အသံကြောင့် ညချမ်းဟာ ပြတင်းမှန်ကတစ်ဆင့် ချောင်းမြောင်းကြည့်ရှုလိုက်တယ်။

ကြမ်းပေါ်ပုံလဲကျပြီး ပါးပြင်ကို လက်ဝါးနဲ့ ပွတ်နေတဲ့ တယောရှင်မိန်းကလေး။

ညချမ်းရင်ထဲ နင့်ခနဲ ခံစားလိုက်မိတယ်။

အလွန်မြင့်မားတဲ့ အရပ်ကြီးနဲ့ အနက်ရောင်နဲ့ မိန်းမကြီး တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းမှာလည်း အကွေးအကောက်တွေပါတဲ့ ခေါင်းဆောင်းကြီး ဆောင်းထားတယ်။

ထိုမိန်းမကြီးရဲ့မျက်နှာက ရက်စက်ကြမ်းကြုတ်မယ့်ပုံတွေ အထင်းသားပေါ်နေတယ်။

ညချမ်းဟာ ထိုမိန်းမကြီးကိုကြည့်ရင်း ပုံပြင်တွေထဲက စုန်းမကြီးကို ဘွားခနဲ မြင်ယောင်မိတယ်။

ဒီအချိန်မှာပဲ ငိုရှိုက်သံနဲ့အတူ ...

"သီရိလည်း ကြိုးစားတာပဲ

မယ်ဖုရားရယ်၊

သားကောင်မှ ရှာမတွေ့ဘဲရှင့်၊

ဘယ်လိုလုပ်ရမလဲ ...

ဟင့် ... ဟင့် ... ဟင့်"

သူမအပြောကြောင့် ထိုမိန်းမကြီးရဲ့မျက်နှာ တင်းမာသွားပြီး သီရိစောနန်းနွယ်ရှိရာ လျှောက်သွားတယ်။

သီရိစောနန်းနွယ်ရဲ့အကျီရင်ဘတ်စကို ဆောင့်ဆွဲကိုင်



လိုက်ပြီး ...

"ဘာ ... ညည်းက ငါ့ကို

လိမ်ဝံ့တယ်ပေါ့ ... ဟုတ်လား၊

ညည်း လူတစ်ယောက်ကို

လွှတ်ပေးလိုက်တာ ငါသိပြီးပြီ၊

ငါ့ကို လိမ်တဲ့ဟာမ ..."

'ဖျန်း ... ဖျန်း ... ဖျန်း'

ပြင်းထန်တဲ့အရှိန်နဲ့ သုံးချက်ဆင့် ပါးရိုက်ခံလိုက်ရတဲ့အတွက် သူမရဲ့နှုတ်ခမ်းစပ်မှာ သွေးတွေယိုစီးကျလာတယ်။

ညချမ်းတစ်ယောက် ချစ်သူရဲ့အဖြစ်ကိုကြည့်ပြီး အကြီးအကျယ် စိတ်ထိခိုက်သွားရှာတယ်။

ကျစ်နေအောင်ဆုပ်ထားမိတဲ့ လက်တွေက ဆတ်ဆတ်တုန်နေသလို ...

နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်ထားမိတယ်။

"ညည်းရဲ့ပြစ်ဒဏ်ကို ညည်းခံရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



လာမယ့် လပြည့်ည ...

ယမမင်းပူဇော်ပွဲမှာ ညည်းကို

ယမမင်းစာကျွေးပစ်မယ်၊

ဒီအချိန်ကစပြီး ...

ညည်း ဘယ်မှသွားဖို့ မကြိုးစားနဲ့၊

ယသော် ... ဝိဒါ ... သီဂီ ..."

ဖယ်ဖုရားကြီးရဲ့ခေါ်သံကြောင့် အဝေးမှာရပ်ပြီး ငြိမ်သက်နေတဲ့ မိန်းမပျိုသုံးယောက် လှုပ်ရှားသွားပြီး ...

"ရှင် ... မယ်ဖုရား အမိန့်ရှိပါ"

"ညည်းတို့သုံးယောက်လုံး ...

မနက်ဖြန်ကစပြီး သီရိစောနန်းနွယ်ကို

စောင့်ကြည့်ရမယ်၊

ဒီကောင်မကို လုံးဝအပြင်မထွက်စေနဲ့၊

ငါ့အမိန့်ကို လွန်ဆန်ရင်

ညည်းတို့ပါ ယမမင်းစာ



ကျွေးခံရမယ် မှတ်ပါ"

တွင်းစောင့်နတ်သမီးကြီးဟာ ထိုသို့ရာဇသံပေး ကြုံးဝါးပြီး ချာခနဲ လှည့်ထွက်သွားတယ်။

ငင်းတံခါးဝရောက်ခါနီးမှာပဲ ...

"မယ်ဖုရား ... မယ်ဖုရား ...

ဝိဒါရဲ့နှာခေါင်းမှာ လူသားနံ့

ရနေတယ် မယ်ဖုရား"

ဝိဒါဆိုတဲ့ မိန်းမပျိုရဲ့အပြောကြောင့် တွင်းစောင့်နတ်သမီးကြီး ခြေလှမ်းတန့်သွားသလို သီရိစောနန်းနွယ်ရဲ့ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

ပတ်ဝန်းကျင်ဆီ မျက်လုံးဝေ့ကြည့်လိုက်တဲ့အခါ ပြတင်းပြင်ပက အရိပ်ကို မြင်လိုက်ရတယ်။

သူမစိတ်တွေ အကြီးအကျယ် လှုပ်ရှားသွားပြီး ....

"ဟုတ်တယ် ဝိဒါ ...

အဲဒီကိစ္စ ငါပြောမလို့ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မယ်ဖုရား ဆူနေလို့ ငါမပြောဖြစ်တာ၊

ချောင်းရဲ့တစ်ဖက်ကမ်းမှာ

ယောက်ျားသုံးယောက် ငါတွေ့ခဲ့တယ်၊

ကြည့်ရတာ ဒေသခံဖြစ်ပုံမရဘူး၊

သောက်စားမူးယစ်ပြီး

ချောင်းရေစိမ်နေကြတယ်လေ"

သူမရဲ့စကားကြားတဲ့အခါ မယ်ဖုရားကြီးအပါအဝင် အားလုံးရဲ့မျက်လုံးတွေ အရောင်တောက်သွားတယ်။

"ကဲဟေ့ ... ညည်းတို့သုံးယောက်

ချောင်းရဲ့တစ်ဖက်ကမ်းကို အမြန်

သွားကြတော့၊ လူသားဆိုတဲ့အသံကြားရင်

ငါ့ပါးစောင်းမှာ တံတွေးစို့လာပြီ၊

သွားကြစမ်းဟေ့"

မယ်ဖုရားကြီးရဲ့စေခိုင်းမှုကြောင့် မိန်းမပျိုသုံးယောက်ဟာ အရိုအသေပြုပြီး ခပ်သုတ်သုတ်ထွက်သွားကြတော့တယ်။



တံခါးမကြီးနား ချဉ်းကပ်လာတဲ့ လူရိပ်ကြောင့် ညချမ်းဟာ မြေပေါ် ဝမ်းလျားမှောက်ပြီး ဝပ်နေလိုက်တယ်။

မယ်ဖုရားကြီးနဲ့ မိန်းမပျိုတွေ ထွက်သွားတဲ့အခါ ... သီရိစောနန်းနွယ်ဟာ ပြတင်းတံခါးကို အမြန်တွန်းဖွင့်လိုက်တယ်။

ဝမ်းလျားမှောက်နေတဲ့ ညချမ်းကို စိုးရိမ်တကြီးဟန်နဲ့ ...

"ရှင် ... အတော့်ကို ခေါင်းမာပါလား

ညချမ်းရယ်၊ ဒီနေရာဟာ ...

တွင်းစောင့်နတ်သမီးရဲ့စံအိမ်တော်ရှင့်၊

ရှင့်အတွက် ပြန်လမ်းမဲ့တဲ့နေရာဆိုတာရော

သိရဲ့လား၊ ရှင် အမြန်ပြန်စမ်းပါရှင် ...

နော် ... ညချမ်း"

လို့ ပြောလိုက်တဲ့အခါ ညချမ်းက ထရပ်လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ...

www.burmeseclassic.com

www.burmeseclassic.com



မင်းမိပါဘဲ မပြန်ဘူး စောနန်း၊

ဒီမှာ ... မင်းကို နှိပ်စက်နေတာ

ကိုယ်မြင်ပြီးပြီ၊ ကိုယ့်နောက်

လိုက်ခဲ့စမ်းပါ စောနန်းရယ် ...

နော် အချစ်"

သူမက သစ်လုံးတံတားလေးရဲ့တစ်ဖက်ကို စိုးရိမ်တကြီး လှမ်းမျှော်ကြည့်လိုက်တယ်။

"မောင် ... မောင့်ကို

စောနန်း သိပ်ချစ်တယ် မောင်ရဲ့၊

မောင်ရဲ့ကိုယ်နဲ့ကို သူတို့ရသွားလို့

စောနန်း လီဆယ်ပြီး ပထုတ်လိုက်တာ၊

ခဏဆို ...

သူတို့ ပြန်လာတော့မယ် မောင်ရဲ့၊

မောင့်ကို သူတို့တွေ့သွားရင်

စောနန်း ရင်ကွဲမှာ မောင်သိရဲ့လားဟင်၊



ပြန်တော့ကွယ် မောင်ရယ် ... နော်"

စောနန်းရဲ့ သနားစဖွယ်အပြောကြောင့် သူ သက်ပြင်းချလိုက်မိတယ်။

"ကောင်းပါပြီ စောနန်းရယ်၊

မောင် ပြန်ပေးပါ့မယ်၊

ဒါပေမဲ့ ... စောနန်းကို မောင်လေ

ဒီဘဝကလွတ်အောင် ကယ်တင်ချင်တယ်၊

ဒါပေမဲ့ ... ဘယ်လိုလုပ်ပေးရမလဲဆိုတာ

မောင်မသိဘူး အချစ်ရယ်"

သီရိစောနန်းနွယ်က ညချမ်းရဲ့မျက်နှာကို ရီဝေစွာ ငေးစိုက်ကြည့်လိုက်ရင်း စကားတစ်ခွန်း ဆိုလိုက်တယ်။

"ဒီဒုက္ခက လွတ်မြောက်အောင်

ကူညီနိုင်မယ့်သူ တစ်ဦးပဲရှိတယ် မောင်၊

သူက စောနန်းတို့လို ဝိညာဉ်တွေကို

ကူညီမှုပေးနိုင်သလို၊

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်လည်း ပေးနိုင်တယ်၊

အဲဒါဟာ …

အောက်လမ်းဆရာကြီး ဦးမှော်ပဲ မောင်”

□□□

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

ညချမ်းတစ်ယောက် အိမ်ပျက်ကြီးဆီ အပြေးအလွှား ပြန်ခဲ့တယ်။

အိမ်ပျက်ကြီးရောက်ပါက စာပို့ငှက်လေးကတစ်ဆင့် ဆရာကြီးဦးမော်ဆီ အကြောင်းကြားရပေမည်။



ကောင်းကင်ကို မော့ကြည့်မိတဲ့အခါ ကျေးငှက်သံနဲ့အတူ အလင်းရောင်အနည်းငယ် ပျို့နေတာ တွေ့လိုက်ရတယ်။

အိမ်ပျက်ကြီးရဲ့အပေါ်ထပ် အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်တဲ့အခါ ...

"မင်း ... ဘယ်တွေ လျှောက်သွားနေတာလဲ

ညချမ်း"

ဆိုတဲ့ ဆရာကြီးရဲ့အသံကို ကြားလိုက်ရတယ်။

မမျှော်လင့်ဘဲ ဆရာကြီးကို တွေ့ရတာကြောင့် ဝမ်းသာသွားပြီး ...

"ဟာ ... ဆ ... ဆရာကြီး ...

ကျုပ် ... ကျုပ်ကို

ဆရာကြီးကူညီမှ ဖြစ်မယ်၊

ကူညီပါနော်- ဆရာကြီး"

လို့ ဆရာကြီးရဲ့ခြေအစုံကို ပြေးဖက်ရင်း ပြောင်းဆိုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးမော်ဟာ ဆေးတံကို ပါးစောင်မှာ ခဲနေရာက ဖြုတ်လိုက်ရင်း ...

"ငါက ဘာမှမသိဘဲ

ဘာကို ကူညီရမှာလဲကွ၊

ဟေ ... ညချမ်း"

လို့ မေးလာတယ်။

ညချမ်းဟာ မထူးတော့တဲ့အခြေအနေကြောင့် ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်တယ်။

"ဒီလိုပါ ဆရာကြီး ...."

လို့ အစချီရင်း တယောရှင်မိန်းကလေးနဲ့ တွေ့ဆုံမှုအကြောင်း အားလုံးကို အတိုးချုံး ပြောပြလိုက်တယ်။

"ဖြစ်ရလေ ကောင်လေးရာ၊

အေး ... မင်း တစ်ခုခုဖြစ်နေပြီဆိုတာ

ငါ ရိပ်စားမိတယ်၊

ဒါ့ကြောင့် ... မင်းကို စိတ်မချလို့



ဒီနေရာကို ငါရောက်လာတာပဲကွ၊

ခုတော့ ... ငါထင်တဲ့အတိုင်း

ဖြစ်နေပါရောလားကွာ၊

ခက်တယ် ကောင်လေးရ ...

လူသားနဲ့ဝိညာဉ်နဲ့ ပေါင်းစပ်ဖို့ဆိုတာ

လုံးဝ မဖြစ်နိုင်တဲ့ကိစ္စပဲ၊

ငါ မင်းကို ကူညီနိုင်မယ် မထင်ဘူး

ကောင်လေး၊ အကောင်းဆုံးကတော့

မင်း မြန်မာပြည်ကို ပြန်တာပဲကွ"

အောက်လမ်းဆရာကြီးဦးမော်ရဲ့စကားကြောင့် ညချမ်းဟာ အကြီးအကျယ် စိတ်ဓာတ်ကျသွားရှာတယ်။

ကြေကွဲစိတ်ကြောင့် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျသာပြီး ...

"မဟုတ်ဘူး ဆရာကြီး ...

ဆရာကြီးတွေးသလို မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် စောနန်းကို ချစ်မိတာ

ပိုင်ဆိုင်ဖို့က အဓိကမကျဘူးဗျ၊

လပြည့်ညဆို တွင်းစောင့်နတ်သမီးက

သူ့ကို ယမမင်းစာကျွေးပစ်တော့မှာ၊

ကျုပ် ... ကျုပ်ချစ်သူရဲ့အခက်အခဲကို

ကူညီချင်တာပဲ သိတယ် ဆရာကြီး”

လို့ ငိုသံကြီးနဲ့ ပြောလိုက်တော့တယ်။

ဆရာကြီးက ညချမ်းကိုကြည့်ရင်း စိတ်မကောင်းဟန်

နဲ့ သက်ပြင်းချမိတယ်။

“မင်းရဲ့အဖြစ်က အတော့်ကို

သနားစရာကောင်းနေပြီ ကောင်လေး၊

ဘာကြောင့်များ မင်းတို့နှစ်ယောက်ဟာ

လူသားနဲ့ ဝိညာဉ်ဘဝတွေနဲ့

ဆုံစည်းခဲ့ကြရတာလဲ၊

ငါဟာ ဒီဒေသရဲ့လူခံဖြစ်တဲ့အလျောက်



သီရိစောနန်းနွယ်ရဲ့နောက်ကြောင်းကို

ကောင်းကောင်းကြီး သိထားသူပါ၊

တွင်းစောင့်နတ်သမီးမှာ ...

တပည့်မ,တွေရှိတာ ငါ

ပညာကြောင့် သိခဲ့ရတယ်၊

အဲဒီထဲမှာ အဖြူရောင်ဝတ်ရုံဝတ်တဲ့

သီရိစောနန်းနွယ်ဟာ အကြမ်းဆုံးပဲကွ၊

သူဟာ တခြားတပည့်မတွေထက်မိုပြီး

ယောကျ်ားတွေကို ဖမ်းစားနိုင်ခဲ့တယ်၊

အပြစ်အနာအဆာ သိပ်ကင်းတဲ့ မျက်နှာနဲ့

သိပ်စွဲမက်ဖို့ကောင်းတဲ့ သူယောင်မယ်ပါပဲ၊

သူဟာ မင်းကို ဖမ်းစားခြင်းမရှိဘဲ

လုံခြုံမှုပေးပြီး သိပ်မြတ်နိုးတယ်ဆိုတာ

ငါ ကောင်းကောင်းကြီး ရိပ်စားမိပါတယ်၊

ကဲ ကောင်လေး ... မင်းရဲ့မျက်ရည်တွေကို

www.burmeseclassic.com

www.burmeseclassic.com



သုတ်လိုက်ပါတော့၊

ဒါ့ မင်းရဲ့ဝိညာဉ်မလေးကို အတတ်နိုင်ဆုံး

ကာကွယ်ပေးမယ်ကွ … ဟုတ်ပြီလား”

ဆရာကြီးဆီက မထင်မှတ်တဲ့စကားကြောင့် ညချမ်း တစ်ယောက် ပျော်ရွှင်မှုတွေ လှိုက်တက်သွားတယ်။

“ဟာ … ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊

ဆ … ဆရာကြီးကျေးဇူး

တစ်သက်မမေ့ဘူးဗျာ၊

ကန်တော့ပါရစေ ဆရာကြီး”

အောက်လမ်းဆရာကြီးဦးမှော်က ညချမ်းရဲ့ခေါင်းကို ပုတ်လိုက်ရင်း …

“ဒါပေမဲ့ … တစ်ခုတော့ရှိတယ်ကွ၊

မင်း ဒီကိစ္စပြီးရင် … ပြန်ပါ့မယ်ဆိုတဲ့

ကတိတော့ ငါ လိုချင်တယ်၊

ဘယ်လိုလဲ ကောင်လေး”



လို့ ပြောလာတယ်။

ညချမ်းက မျက်ရည်တွေ ရစ်သိုင်းနေတဲ့ မျက်ဝန်းနဲ့ ဆရာကြီးကို မော့ကြည့်လိုက်တယ်။

“ဟုတ်ကဲ့ … ပေးနိုင်ပါတယ် ဆရာကြီး၊

စောနန်း အခုကြုံတွေ့ရမယ့်

အန္တရာယ်ဆိုးက လွတ်ကင်းရင်ပဲ

ကျုပ် ကျေနပ်လှပါပြီ”

“ကောင်းပြီ ကောင်လေး၊ မင်းရဲ့

စောနန်းအတွက် အချိန်သိပ်မရှိတော့ဘူး၊

ဘာကြောင့်လဲဆိုတော့ အခု မိုးလင်းခါနီးပြီကွ၊

ဒီနေ့ဟာ လပြည့်မယ့်နေ့ပဲ၊

ငါ လုပ်သင့်တာအားလုံး နေမဝင်ခင်

အမြန်ဆုံး လုပ်ပေးရလိမ့်မယ်”

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

**ဘောက်လယ်ဆရာကြီးဦးမော်က** ညချမ်းကို

ခေါ်ပြီး ရွာထဲ တိတ်တဆိတ် ချဉ်းကပ်ခဲ့တယ်။

ဦးမော်ရဲ့အိမ်နား ရောက်ခါနီးမှာတော့ လူသံလူညံသံ

တွေ ကြားတဲ့အတွက် အကွယ်တစ်ခုကို ပြေးကပ်ရင်း ပုန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်းလိုက်ရတယ်။

ဦးမှောင်က ထိုလူတွေကို လှမ်းအကဲခတ်ရင်း မျက်မှောင်ကြုတ်သွားတယ်။

ပြီးတော့ … ညချမ်းကို အကွယ်မှာနေစေပြီး လူတွေရှိရာ သူသွားလိုက်တယ်။

ခဏကြာတော့ ဆရာကြီး ပြန်ရောက်လာတယ်။

"မင်းအတွက် ဝမ်းသာစရာ သတင်းပဲဟေ့၊
ဓားပြအဖွဲ့ဟာ မင်းနဲ့ရုပ်ချင်းဆင်တဲ့
အလွတ်စုံထောက်ကို မိသွားပြီကွ၊
အခု သူတို့စုံထောက်ကို ဖမ်းလာတာ
မင်းအတွက် တစ်ပူအေးသွားပြီပေါ့ကွာ"

ဆရာကြီးဆီက ကြားရတဲ့စကားကြောင့် သူ သက်ပြင်းချလိုက်မိတယ်။

ဒီနောက်မှာတော့ ဆရာကြီးဟာ သူ့အိမ်ကို ခေါ်ဆောင်သွားတယ်။



အိမ်ရောက်တဲ့အခါ ဆရာကြီးဟာ မိုင်းခံစက္ကူတွေပေါ်မှာ အင်းကွက်တွေ ရေးဆွဲတယ်။

မီးဖိုခန်းထဲက နယ်ပြီးသားဂျုံမှုန့်တွေ သယ်လာပြီး အရုပ်ပြုလုပ်တယ်။

အနက်ရောင်ကတ္တီပါခင်းထားတဲ့ စားပွဲပေါ်တင်ထားတဲ့ လက်ဖျံရိုးကြီးကိုယူပြီး ၎င်းရဲ့လွယ်အိတ်စုတ်လေးထဲ ထည့်လိုက်တယ်။

"ကဲ … ငါတို့ သွားကြရအောင်
ညချမ်း၊ အရင်ဆုံး နှစ်ပေါင်းများစွာ
မြုပ်နှံထားတဲ့ သီရိစောနန်းနွယ်ရဲ့အရိုးကို
တွေ့အောင်ရှာရမယ်ကွ"

အောက်လမ်းဆရာကြီးဦးမှော်နဲ့ ညချမ်းဟာ လင်းရောင်ပျို့ခါနီးအချိန်လေးမှာပဲ ရွာထဲက ထွက်ခဲ့ကြတော့တယ်။

ဆရာကြီး သူ့ကို ရွာနဲ့ အတန်ဝေးတဲ့ သချိုင်းမြေတစ်ခုဆီ ခေါ်ဆောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမြေရှိ နတ်ကွန်းတစ်ခုရှေ့ရောက်တဲ့အခါ အမွေး နံ့သာတိုင်ကို ထွန်းညှိလိုက်ရင်း ...

"ဒါဟာ ...

အဲဒီသချိုင်းမြေတစ်ခုလုံးကို အပိုင်စိုးတဲ့

သချိုင်းစောင့်မယ်အိုစာရဲ့ နတ်ကွန်းပဲကွ၊

သူ့အပိုင်မှာ ဘာပဲလုပ်လုပ်

သူ့ကို နံ့သာထွန်းပြီးမှ လုပ်လို့ရတယ်၊

ဟော့ဒါက မယ်အိုစာရဲ့ရုပ်တုပဲကွ"

ဆရာကြီးဦးမှော်ရဲ့စကားကြောင့် ညချမ်းဟာ နတ်ကွန်းထဲ အာရုံစိုက်ကြည့်လိုက်တယ်။

ယောကျ်ားလက်သီးဆုပ်လောက်သာရှိတဲ့ ရုပ်တုလေး တစ်ရုပ်။

အရိုးခေါင်းတောင်ဝှေးကိုင်ရင်း ဆောင့်ကြောင့်ထိုင်နေတဲ့ အဘွားအိုတစ်ဦးရဲ့ရုပ်တု။

စူးရှလွန်းပြီး အေးစက်စက်မျက်လုံးတွေက ရုပ်တုကို



ပိုပြီး အသက်ဝင်စေတယ်။

ဆရာကြီးဦးမှော်ဟာ နတ်ကွန်းရှေ့ တတွတ်တွတ်ရွတ် ဆိုဆုတောင်းပြီးတဲ့အခါ ကျောက်တိုင်တွေ စီရီနေတဲ့ မြေပုံတွေဘက် ဆက်လျှောက်သွားတယ်။

ညချမ်းလည်း ဆရာကြီးရဲ့နောက်ကနေ စိတ်လှုပ်ရှားရှားနဲ့ လိုက်ပါခဲ့မိတယ်။

ဆရာကြီးရဲ့ခြေလှမ်းတွေက နှစ်ချို့နေတဲ့ ကျောက်တိုင်တွေဘက် ဦးတည်နေတယ်။

တချို့သောကျောက်တိုင်တွေဟာ နှစ်ကာလသိပ်ကြာပြီဖြစ်တဲ့အတွက် ...

ကျိုးကြေပျက်နေကြသလို တချို့လည်း မြေမှာ လဲနေကြတယ်။

"ဟူး ... မလွယ်ဘူးကွ၊

သီရိစောနန်းနွယ်ရဲ့ မြေပုံကို

ခုထိ ရှာမတွေ့ပါလား၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ကံကောင်းပါစေပဲ ဆုတောင်းရမှာပဲ"

ညချမ်းက ကမ္ပည်းတိုင်အားလုံးကို မျက်လုံးဖွေ့ကြည့်လိုက်ပြီး ...

"ဟိုနားက ကျောက်တိုင်ကိုကြည့် ဆရာကြီး၊

ရေညှိအလိမ်းလိမ်း တက်နေတယ်၊

ဒါဟာ ရှေးသိပ်ကျလို့ပဲဗျ၊

ကျုပ်တို့ သွားကြည့်ရင်မကောင်းဘူးလား"

လို့ ညွှန်ပြရင်း ပြောလိုက်တဲ့အခါ ဆရာကြီးက လှမ်းကြည့်ပြီး ထိုနေရာဆီ လျှောက်သွားတယ်။

အလွန်ကြီးမားတဲ့ ညောင်မုတ်ဆိတ်ပင်ကြီးရဲ့အောက်မှာ အထီးကျန်စွာရှိနေတဲ့ ကမ္ပည်းတိုင်လေး။

အောက်လမ်းဆရာကြီးဦးမှော်က ဆေးတံကိုခဲရင်း ကမ္ပည်းတိုင်ရှေ့ ဆောင့်ကြောင့်ထိုင်လိုက်တယ်။

၎င်းရဲ့အိတ်ကြီးထဲကနေ ဓားချွန်ငယ်ကိုထုတ်ပြီး ကမ္ပည်းတိုင်ပေါ်က ရေညှိတွေကို ခြစ်ထုတ်လိုက်တယ်။



ရေညှိတွေ တဖြည်းဖြည်း ကွာကျသွားသည်နဲ့အမျှ စာလုံးက ရေးရေးပေါ်လာတယ်။

ဆရာကြီးနဲ့သူဟာ စိတ်လှုပ်ရှားစွာနဲ့ မျက်တောင်မခတ် စိုက်ကြည့်မိကြတယ်။

"သီရိစံအိမ် ... မိသားစု"

အထင်အရှားပေါ်လာတဲ့ စာတန်းကြောင့် ဆရာကြီး အံ့ချက်နှာပျက်သွားတယ်။

"ဘာဖြစ်လို့လဲ ဆရာကြီး၊

လွဲနေပြန်ပြီလားဟင်"

"မလွဲဘူး ညချမ်း၊

ဒါဟာ ... သီရိစောနန်းနွယ်တို့

မိသားစုရဲ့မြေပုံပဲကွ၊

ခက်တာက ဒီထဲမှာ အရိုးတွေ

အများကြီး ရှိနေလိမ့်မယ်၊

အဲဒီထဲက စောနန်းရဲ့အရိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရွေးမလဲကွ၊ သူတို့မိသားစုဟာ

ရန်ငြိုးရန်စတစ်ခုကြောင့် အားလုံး

တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ

ရက်ရက်စက်စက် အသတ်ခံခဲ့ရတယ်လို့

ငါ ဟိုတုန်းကတည်းက ကြားဖူးတယ်ကွ"

ဆရာကြီးရဲ့စကားကြောင့် ညချမ်းတစ်ယောက် စော နန်းအတွက် မျက်ရည်လည်မတတ် ခံစားလိုက်ရတယ်။

"ဘာပဲဖြစ်ဖြစ်ပါ ဆရာကြီး ...

စောနန်းရဲ့အရိုးကို ကျုပ် ရအောင်

ရွေးထုတ်မယ်၊

ကျုပ်တို့ မြေပုံကို တူးလိုက်ကြရအောင်"

□□□

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

မြေကြီးတွေ အထပ်ထပ်တက်နေတဲ့ များပြား

တဲ့ အရိုးတွေ။

ဆရာကြီးဦးမော်နဲ့ညချမ်းတို့ ထိုအရိုးတွေကိုကြည့်ပြီး

မှင်တက်သွားကြတယ်။



ဒီအချိန်မှာပဲ ညချမ်းရဲ့နားထဲ အသံတစ်သံ ကြားလိုက်ရတယ်။

နားစိုက်ထောင်ကြည့်တဲ့အခါ တိုးလျှလျှတယောသံကို ကြားနေရတယ်။

"ဟာ ... ကြားလား ဆရာကြီး၊

တယောသံ ကြားနေရတယ်၊

ဒါ .. ဒါဟာ ...

ကျုပ်တို့နားမှာ စောနန်းရှိနေလို့ပဲဗျ"

ဝမ်းသာအားရ ပြောလိုက်တဲ့စကားကြောင့် ဆရာကြီးဟာ မျက်မှောင်ကြုတ်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်တယ်။

ညောင်မုတ်ဆိတ်ပင်ရှိ အကိုင်းခက်တွေဟာ လေမတိုက်ဘဲ လှုပ်ယမ်းနေသလို ...

သချိုင်းမြေရှိ မြက်ရိုင်းပင်အားလုံး ယိမ်းနွဲ့နေတာတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက အင်းချပ်တစ်ချပ်ကို ထုတ်ယူပြီး မြေပေါ် တင်ပျဉ်ခွေ ထိုင်လိုက်တယ်

ထိုအင်းချပ်ကို မီးမြှိုက်လိုက်ပြီး နှုတ်က တတွတ်တွတ် ရွတ်ဆိုလိုက်တယ်။

လုံးဝမျှော်လင့်မထားတဲ့ဖြစ်ရပ်။

မြေကျင်းထဲရှိ အရိုးပုံထဲက လက်ဖျံရိုးတစ်ချောင်းဟာ တဆတ်ဆတ်တုန်ခါနေတယ်။

ထိုမြင်ကွင်းကြောင့် ညချမ်းတစ်ယောက် 'ဟာ' ...ခနဲ ဖြစ်သွားမိတယ်။

"အဲဒီအရိုးကို ဆင်းယူလိုက် ကောင်လေး"

ဆရာကြီးရဲ့စေခိုင်းမှုကြောင့် မြေကျင်းထဲ ဆင်းလိုက်တယ်။

လှုပ်ရှားနေတဲ့ စိတ်နဲ့အတူ ကျင်းကြီးထဲ သူဆင်းလိုက်တယ်။

"ဟုတ်ပြီ ကောင်လေး၊



အဲဒီအရိုးဟာ မင်းရဲ့စောနန်းအရိုးပဲဟေ့၊

ငါတို့ရဲ့ပထမအဆင့် အောင်မြင်ပြီကွ"

ဆရာကြီးဦးမှော်က ပြောဆိုရင်း ညချမ်းရဲ့လက်က လက်ဖျံရိုးကို လှမ်းယူလိုက်တယ်။

မြေကြီးတွေကို ပြန်ဖို့ပြီးတဲ့အခါ ဆရာကြီးက ...

"ကဲ ... အခု ငါတို့

တွင်းစောင့်နတ်သမီးရဲ့နေရာဆီ

သွားရမယ်"

လို့ပြောပြီး ကောင်းကင်ပေါ် မော့ကြည့်လိုက်တယ်။

ကောင်းကင်ကြီးတစ်ခုလုံး မိုးအုံ့သလိုမျိုး မည်းတက်နေတယ်။

"နေမွန်းလွှဲတော့မယ် ကောင်လေး၊

အမြန်သွားရအောင်ဟေ့"

ဆရာကြီးရဲ့ဆော်ဩသံနဲ့အတူ နှစ်ဦးသား သင်္ချိုင်းမြေက ခပ်သုတ်သုတ် ခွာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းရဲ့ရေရွတ်သံကြောင့် ကျောက်တုံးဖြူကြီးတွေရှိတဲ့နေရာကို ရောက်သွားကြတယ်။

"ဟင် ... ညက ဒီနေရာမှာ

တံတားရှိပါတယ်၊ အခု ...

တံတားရော, ဘုံကျောင်းလို

အဆောက်အအုံပါ မရှိတော့ပါလား၊

ဘယ်လိုဖြစ်တာပါလိမ့်"

ညချမ်းရဲ့ရေရွတ်သံကြောင့် ဆရာကြီးဦးမော်က ပြုံးလိုက်တယ်။

ချောင်းရေရဲ့အစပ်မှာ ထိုင်ချလိုက်ပြီး ပျော့နေတဲ့ မြေနေရာမှာ ရေးခြစ်လိုက်တယ်။

ဆရာကြီးဟာ စက်ဝိုင်းပုံသဏ္ဌာန်ကို ရေးဆွဲပြီး အထဲမှာ ကြက်ခြေခတ်ပုံ မျဉ်းနှစ်ကြောင်း ဆွဲလိုက်တယ်။

ထိုစက်ဝိုင်းထဲ အင်းကွက်နဲ့ အင်းစာတွေ ရေးပြီးတဲ့အခါ တင်ပျဉ်ခွေထိုင်ပြီး မျက်လုံးစုံမှိတ်လိုက်တယ်။



ပြီးတော့ ...

မန္တန်တစ်ပုဒ်ကို သံနေသံထားနဲ့ ရွတ်ဆိုလိုက်ပြန်တယ်။

ညချမ်းက ဆရာကြီးရဲ့လုပ်ရပ်ကို ဘေးက ထိုင်ကြည့်နေမိတယ်။

ဒီအချိန်မှာပဲ တောဝက်တစ်ကောင်ဟာ ကျောက်တုံးတွေကြားကနေ ၎င်းတို့အနီး ရောက်လာတယ်။

တောဝက်ကို မြင်နေရတဲ့ ညချမ်းတစ်ယောက် ... ဆော ချွေးတွေပြန်သွားရင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားရ တယ်။

ထိုအခိုက်မှာပဲ ဆရာကြီးရဲ့မန္တန်ရွတ်ခြင်း ပြီးဆုံးသွာ တယ်။

"မင်းကြောက်နေတာလား ကောင်လေး၊

ဒီကောင်က ငါတို့ရဲ့လမ်းပြပဲကွ၊

ကဲ ... သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ပစ္စည်းတွေ ပြန်သိမ်းပြီး ထရပ်လိုက်တယ်။

တောဝက်ကောင်ဟာ ရှေ့ကနေ တလှုပ်လှုပ်သွားနေတယ်။

ဆရာကြီးနဲ့ညချမ်းလည်း တောဝက်နောက်ကနေ လိုက်ပါသွားခဲ့ကြတယ်။

လှိုဏ်ကြီးတစ်ခုရဲ့ ရှေ့ရောက်တဲ့အခါ တောဝက်ဟာ ဆက်မသွားတော့ဘဲ ရပ်တန့်သွားတယ်။

ဆရာကြီးဦးမော်က အင်းချပ်တစ်ချပ်ကို လုံးချေပြီး ညချမ်းရဲ့ပါးစပ်ထဲ ထိုးထည့်ရင်း ဝါးစားစေတယ်။

ပြီးတော့ ... ရှေ့ကဦးဆောင်ပြီး လှိုဏ်ကြီးထဲ စဆင်းလိုက်တယ်။

ညီစို့စို့အနံ့တွေနဲ့အတူ လှိုဏ်ကြီးတစ်ခုလုံး မည်းမှောင်နေတယ်။

အောက်လမ်းဆရာကြီးဦးမော်ဟာ ပျားဖယောင်းတိုင်



တစ်တိုင်ထုတ်ပြီး မီးညှိလိုက်တယ်။

ပျားဖယောင်းတိုင်ရဲ့အလင်းရောင်ကြောင့် အတွင်းပိုင်းကို အထင်အရှားမြင်နေရတယ်။

ရုတ်တရက် အလင်းရောင်အောက် မြင်လိုက်ရတဲ့ အရာတွေကြောင့် ညချမ်းတစ်ယောက် လန့်ပြီး ဆရာကြီးရဲ့အင်္ကျီစကို ဆွဲလိုက်မိတယ်။

လှိုဏ်ကြီးတစ်ခုလုံး ချောက်ချားဖွယ်ကောင်းလောက်အောင် လူအရိုးစုတွေနဲ့ ပြည့်နှက်နေတယ်။

အဝေးဆီက လွင့်ပျံလာတဲ့ တယောထိုးသံ။

ညချမ်းရဲ့ရင်တွေ ဒိန်းခနဲ ခုန်သွားမိသလို ဆရာကြီးက အတွင်းပိုင်းကို တရွေ့ရွေ့ ချဉ်းကပ်သွားနေတယ်။

လှိုဏ်ကြီးရဲ့အတွင်းပိုင်းရောက်သွားသည်နဲ့အမျှ အလင်းရောင်တွေ ရှိလာတယ်။

ဒါ့ကြောင့် ဆရာကြီးက ဖယောင်းတိုင်ကို မီးမှုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တယောသံက ... တဖြည်းဖြည်း ကျယ်လောင်လာတယ်။

ကျောက်ခုံကြီးတစ်ခုပေါ် တင်ပါးလွှဲထိုင်ရင်း တယောထိုးနေတဲ့ မိန်းမပျိုတစ်ယောက်ရဲ့နောက်ကျော။

အမျိုးသမီးငယ်နှစ်ဦးက သူမရဲ့ဆံပင်ရှည်ကြီးတွေကို ဖြီးသင်ပေးနေတယ်။

"ဟင် ... အဲဒါ ...

စောနန်းပဲ ဆရာကြီး၊

စောနန်းပဲဗျ"

ညချမ်းဟာ ဆရာကြီးကို လက်တို့ပြီး စိတ်လှုပ်ရှားစွာ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ အမျိုးသမီးငယ်နှစ်ယောက်ဟာ သူမရဲ့ အနားက ထွက်ခွာသွားကြတယ်။

ထိုမိန်းကလေးတွေ မြင်ကွင်းရှေ့က ပျောက်သွားတဲ့ အခါ ...



"စောနန်း"

ညချမ်းရဲ့အသံကြောင့် တယောသံရပ်သွားပြီး သူမရဲ့ ကိုယ်လေး ဆတ်ခနဲ တုန်သွားရှာတယ်။

အဖြူရောင်ခပ်ပါးပါး ဝတ်စုံနဲ့ အလှကြီးလှနေတဲ့ သီရိ စောနန်းနွယ်။

သူမထံ အပြေးလာတဲ့ ညချမ်းကြောင့် ထိုင်ရာက ထပြီး လှမ်းလာတယ်။

ညချမ်းက သူမရဲ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်လိုက်ရင်း ...

"စောနန်း ... စောနန်း ... အချစ်ရယ်၊

ဒီနေရာကြီးမှာ ...

မင်း ဘာလာလုပ်နေတာလဲဟင်"

မင်းအတွက် ကိုယ် သိပ်စိတ်ပူနေတာ"

လို့ ကလေးငယ်လို ရေရွတ်လိုက်တယ်။

သီရိစောနန်းနွယ်က ညချမ်းရဲ့မျက်နှာကို မော်မက်မော

www.burmeseclassic.com

www.burmeseclassic.com



မောကြီး ငေးစိုက်ကြည့်ရင်း ...

"ယမမင်းကို ပူဇော်မယ့်အချိန်

ရောက်ခါနီးနေပြီလေ၊ ဒါ့ကြောင့် ...

စောနန်းကို သူတို့ ပြင်ဆင်ပေးနေကြတာ

မောင်ရဲ့၊ စောနန်းလေ ...

မောင်နဲ့ မခွဲချင်ဘူး၊

ဟင့် ... ဟင့် ... ဟင့်"

ရှိုက်ကြီးတငင်ငိုကြွေးနေရှာတဲ့ စောနန်းကိုကြည့်ပြီး သူ ရင်ထဲ ဆို့နင့်သွားမိတယ်။

အောက်လမ်းဆရာကြီးဦးမော်က သူတို့နားလျှောက်လာတယ်။

"သီရိစောနန်းနွယ် ... မင်းကို

ကျုပ် အတတ်နိုင်ဆုံး ကူညီပေးမယ်၊

မင်းသာ ကျုပ်ကို ယုံကြည်မှုရှိပါစေ"

ဆရာကြီးရဲ့စကားကြောင့် သူမဟာ ဆရာကြီးရဲ့လက်



အစုံကို အားကိုးတကြီး ဆုပ်ကိုင်ထိုက်တယ်။

"ယုံကြည်ပါတယ် ဆရာကြီးရယ်၊

စောနန်းကို မောင်နဲ့ မခွဲရအောင်

ဆရာကြီး ကူညီပေးပါနော်၊

အားကိုးပါရဲ့ရှင်"

ဆရာကြီးဦးမော်က သီရိစောနန်းနွယ်ရဲ့မျက်နှာလေးကို

ကရုဏာသက်စွာ စိုက်ကြည့်လိုက်တယ်။

"အရာအားလုံးဟာ ကံစီမံရာပေါ့

သီရိစောနန်းနွယ်၊ မင်းတို့မှာ

အထုံရေစက်ပါရင်

ဘယ်လိုဘဝမျိုးရောက်ရောက်

ပြန်ဆုံတွေ့ကြရမှာပါ၊

ကဲ ... ခုချိန်ဟာ အချိန်ကောင်းပဲကွဲ့၊

ကျုပ်တို့ ဒီလှိုဏ်ကြီးထဲက

အမြန်ဆုံး ထွက်မှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့ အပြောကြောင့် ညချမ်းနဲ့ သီရိစောနန်းနှ
ဟာ တစ်ယောက်လက်တစ်ယောက် မြဲမြဲစွာ ဆုပ်ကိုင်ထားလို
တယ်။

သုံးယောက်သား ကျောက်ခုံကြီးကို ကျောနိုင်းလိုက်
တယ်။

❒❒❒

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

ဟား ..ဟား ..ဟား

ဟား ..ဟား ..ဟား

နားကွဲမတတ် ထွက်ပေါ်လာတဲ့ ရယ်သံကြီးကြောင့် တို့ ခြေလှမ်းတုံ့သွားတယ်။



ကျောက်ခုံပေါ် ခြေချိတ်ထိုင်နေတဲ့ အနက်ရောင်ဝတ်စုံ တွင်းစောင့်နတ်သမီးကြီး။

အောက်လမ်းဆရာကြီးဦးမှော်က ညချမ်းတို့ရှေ့က ကာ လိုက်တယ်။

“သိပ် သတ္တိကောင်းကြတယ်ပေါ့၊

ငါ့ပိုက်နက်ကိုဝင်ပြီး ငါ့လူကို

ခေါ်ထုတ်ဖို့ ကြံစည်ကြတယ်၊

နင်တို့နှစ်ယောက်လုံး အသေထွက်,

ထွက်ဖို့ ပြင်ကြပေတော့”

တွင်းစောင့်နတ်သမီးဆီက ကြုံးဝါးသံနဲ့အတူ ထရပ် လိုက်တယ်။

ဒီအချိန်မှာပဲ လှိုကြီးထဲ လေပြင်းတွေ တရဟော လိမ့် လာတယ်။

ညချမ်းက စောနန်းရဲ့လက်ကို ဆုပ်ကိုင်ရင်း ခါးကြား ဓားရှည်ကို ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာကြီးဦးမော်က ဂျုံနဲ့လုပ်ထားတဲ့ အရုပ်ကို ဆွဲထုတ်ပြီး မန္တန်တွေ တတွတ်တွတ်ရွတ်လိုက်တယ်။

သူ့ရဲ့မျက်လုံးကတော့ ခြောက်ကပ်ကပ်အသံကြီးနဲ့ ဟားတိုက်ရယ်မောနေတဲ့ မိစ္ဆာမကြီးကို စူးစိုက်ကြည့်နေတယ်။

ညချမ်းဟာ ၎င်းတို့ရဲ့ကိုယ်ပေါ် နားခိုပြီး ထိုးဖောက်ဖို့ ကြိုးစားတဲ့ ငှက်ဆိုးတွေကို ဓားရှည်နဲ့ ဝှေ့ယမ်းလိုက်တယ်။

"ကောင်လေး ... မင်းတို့ အမြန်ပြေးကြစမ်း၊ သွားတော့"

ဆရာကြီးရဲ့စကားကြောင့် ညချမ်းဟာ စောနန်းရဲ့လက်ကိုဆွဲပြီး ငှက်ဆိုးတွေကြားက ထွက်ပြေးဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ဆရာကြီးဦးမော်က အရုပ်ရဲ့ခေါင်းပိုင်းကို အပ်ငယ်လေးနဲ့ အားကုန်ထိုးစိုက်လိုက်တယ်။

တွင်းစောင့်နတ်သမီးဟာ ရယ်မောနေရာက ရပ်သွားပြီး ခေါင်းကို လက်အစုံနဲ့ အုပ်လိုက်တယ်။

ဆရာကြီးဦးမော်က နောက်အပ်တစ်ချောင်းနဲ့ အရုပ်ရဲ့



လည်ပင်းကို ထိုးစိုက်လိုက်ပြန်တယ်။

'အ' ... ခနဲ အော်သံနဲ့အတူ တွင်းစောင့်နတ်သမီးဟာ ကျောက်ခုံပေါ် ထိုင်လျက်ကျသွားတယ်။

ဆရာကြီးဟာ မန္တန်ရွတ်မပြတ်ဘဲ အရုပ်ကို မြေပေါ်ချလိုက်တယ်။

ရုတ်ခြည်းဆိုသလို လှိုဏ်ကြီးတစ်ခုလုံးတုန်ခါသွားတယ်။

တွင်းစောင့်နတ်သမီးရဲ့ တပည့်မတွေက ဆရာကြီးဦးမော်ထံ ခုန်အုပ်ဝင်ရင်း သွေးစုပ်ဖို့ ကြိုးစားကြတယ်။

ဦးမော်က မန္တန်ရွတ်မပြတ်ဘဲ ၎င်းတို့ရဲ့ကိုယ်တွေကို ဆောင့်တွန်းပစ်လိုက်တယ်။

ပြီးတော့ ... လက်တစ်ဖက်နဲ့ အင်းချပ်တွေကို ဆွဲထုတ်လိုက်တယ်။

လေထဲလွင့်နေတဲ့ အင်းချပ်တွေနဲ့အတူ မိစ္ဆာတွေရဲ့ငယ်သံပါအောင် အော်သံတွေက ပွက်လောရိုက်သွားတယ်။

ထိုအချိန် ...

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းနဲ့ သီရိစောနန်းနွယ်ဟာ လှိုဂြိုးရဲ့ထွက်ပေါက်နား ရောက်လုနေချေပြီ။

ဆရာကြီးဦးမှော်ဟာ အပ်စိုက်ထားတဲ့ အရုပ်နဲ့အတူ လက်ဖျံရိုးကို အပ်ချည်ကြိုးနဲ့ ပတ်ချည်လိုက်တယ်။

ထိုအရာကို မီးရှို့လိုက်ချိန်မှာတော့ တွင်းစောင့်နတ်သမီးကြီးရဲ့တစ်ကိုယ်လုံး မီးတောက်တွေ ဟုန်းဟုန်းတောက်သွားတယ်။

လျှောင်လှုပ်သလို တုန်ခါနေတဲ့ မြေပြင်ကြောင့် ဦးမှော်ဟာ ညချမ်းတို့နောက် တစ်ရှိန်ထိုး ပြေးလိုက်သွားတယ်။

လှိုနံရံတွေ ပြိုကျလာပြီး မြေသားတွေနဲ့အတူ ကျောက်စိုင်ခဲတွေ တဖွားဖွား လွင့်စဉ်လာတယ်။

ထိုအချိန် လှိုဂြိုးရဲ့အဝရောက်နေတဲ့ ညချမ်းတို့က အပြင်ကို ထွက်ဖို့ ပြင်လိုက်တယ်။

"အား"

စောနန်းက သူ့လက်ကို ဆတ်ခနဲလွတ်ပြီး ငယ်သံပါ



မတတ် အော်လိုက်တဲ့အတွက် ...

"ဘာဖြစ်တာလဲ ...

စောနန်း ... ဘာဖြစ်လဲ၊

ကိုယ်တို့ လွတ်ပြီလေ၊

သွားရအောင်လေ"

ညချမ်းဟာ သူမရဲ့လက်ကို ပြန်ဆွဲရင်း မေးလိုက်တယ်။

သီရိစောနန်းနွယ်က ရှိုက်ကြီးတငင် ငိုကြွေးရင်း ...

"စောနန်း ... စောနန်း၊

မောင်နဲ့ လိုက်လို့မဖြစ်နိုင်ဘူး မောင်၊

ပြင်ပရဲ့နေရောင်က စောနန်းအတွက်

မီးလို ပူလွန်းတယ်၊

ဟင့် ... ဟင့် ... ဟင့်"

လို့ သနားစဖွယ် ပြောလာတယ်။

ညချမ်းတစ်ယောက် အသည်းကြွေမတတ် ခံစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကို ပွေ့ဖက်ထားမိတယ်။

"စောနန်းရယ် ဖြစ်ရလေကွာ၊

ဒါ … ဒါဆို မောင်လည်း

အပြင်မထွက်တော့ဘူး၊

စောနန်းရဲ့အနားမှာပဲ

နေတော့မယ်နော် အချစ်"

သီရိစောနန်းနွယ်က သူ့ကို တင်းကျပ်စွာ ဖက်တွယ်ထားရင်း …

"ဟင့်အင်း … မဖြစ်နိုင်တာ

မပြောပါနဲ့ မောင်၊

စောနန်းကို ထားရစ်ပြီး

မောင် သွားပါတော့"

လို့ ကြေကွဲငိုရှိုက်သံကြီးနဲ့ ပြောလာတယ်။

ဒီအချိန်မှာပဲ …

"လျှို့ပေါ်က တောင်ပြိုနေပြီ ကောင်လေး



အမြန်ထွက်စမ်း"

ဆိုတဲ့ ဦးမော်ရဲ့အသံကို ကြားလိုက်ရတယ်။

ညချမ်းနဲ့ သီရိစောနန်းနွယ်ဟာ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာဖက်တွယ်ထားကြတယ်။

အနားရောက်လာတဲ့ ဆရာကြီးဦးမော်ဟာ ဖက်တွယ်လျက် ငိုကြွေးနေတဲ့ ချစ်သူနှစ်ဦးကိုကြည့်ရင်း အခြေအနေကို ရိပ်စားမိသွားတယ်။

ဆရာကြီးဦးမော်ဟာ ၎င်းရဲ့လွယ်အိတ်နက်လေးထဲက အရာတစ်ခုကို နှိုက်ယူလိုက်တယ်။

"သီရိစောနန်းနွယ် …

ဒါဟာ … မင်းရဲ့ လက်ဖွဲ့ရိုးပဲကွဲ့၊

ဒါကို မင်း လက်ခံပြီးချိန်မှာ …

မင်းဟာ … ဆိုးရွားလွန်းတဲ့ အချုပ်နှောင်ခံ

ဝိညာဉ်ဘဝကနေ အပြီးသတ်

လွတ်ကင်းသွားလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ … မင်းအတွက်

ကျုပ် လုပ်ပေးနိုင်တာပါပဲ”

ဆရာကြီးဦးမော်က လက်ဖျံရိုး ကမ်းပေးလိုက်တယ်။

သီရိစောနန်းနွယ်ဟာ ညချမ်းရဲ့ရင်ခွင်ထဲက ခွာလိုက်ရင်း လက်နှစ်ဖက်နဲ့ လက်ဖျံရိုးကို လှမ်းယူလိုက်တယ်။

“ကူညီပေးတဲ့အတွက် …

ကျေးဇူးမမေ့ပါဘူး ဆရာကြီး၊

ဆရာကြီးဟာ ကျွန်မဘဝရဲ့

အကြီးမားဆုံး ကယ်တင်ရှင်ပါပဲ၊

ဆရာကြီးနဲ့ မောင့်ကို

ဒီဘဝအတွက် နှုတ်ဆက်ခဲ့ပါတယ်ရှင်”

သူမဟာ မျက်ရည်စီးကြောင်းအသွယ်သွယ်နဲ့ ဆိုလိုက်တဲ့အခါ …

“ဟာ … စောနန်းကလည်း

နှုတ်ဆက်တယ်ဆိုတဲ့ စကားမပြောပါနဲ့၊



မောင်တို့ ဘာလို့ခွဲရမှာလဲကွ၊

မောင် စောနန်းနဲ့ပဲ နေမယ်လို့

ပြောထားရဲ့နဲ့”

ညချမ်းတစ်ယောက် မျက်ရည်စကို လက်ခုံနဲ့သုတ်ရင်း ပြောလိုက်တယ်။

ငင်းတို့ရဲ့အဖြစ်ကိုကြည့်နေတဲ့ အောက်လမ်းဆရာကြီး ဦးမော်ဟာ မျက်ရည်ဆို့မတတ် ခံစားလိုက်ရတယ်။

သီရိစောနန်းနွယ်ဟာ လက်ဖျံရိုးကို ဆုပ်ကိုင်ရင်း နှုတ်ဆိတ်လျက် တသိမ့်သိမ့် ငိုရှိုက်နေရှာတယ်။

ဒီအချိန်မှာပဲ သူမရဲ့ခန္ဓာကိုယ်ဟာ အခိုးငွေ့လို တဖြည်းဖြည်း မြင်ကွင်းရှေ့က ကွယ်ပျောက်သွားတော့တယ်။

“ဟော … စောနန်း … စောနန်း …

လုပ်ပါဦး ဆရာကြီး၊

စောနန်း မရှိတော့ဘူး၊

စောနန်းရေ … စောနန်း”

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းဟာ ဆရာကြီးရဲ့လက်ကို ဆုပ်ကိုင်ရင်း အရှုံးလို အော်ပစ်လိုက်တယ်။

'ဝုန်း ... ဝုန်း ... အုန်း'

ပြင်းထန်လွန်းပြီ ကျယ်လောင်တဲ့အသံကြောင့် ဦးမော်ဟာ နောက်လှည့်ကြည့်မိတယ်။

တောင်ပြိုမှု ပြင်းထန်တဲ့အတွက် မြေစိုင်ခဲနဲ့ကျောက်တုံးတွေ အရှိန်နဲ့ ပြိုကျလာတယ်။

ဆရာကြီးဦးမော်ဟာ ညချမ်းရဲ့လက်ကို ဆောင့်ဆွဲရင်း လှိုဏ်ကြီးရဲ့ပြင်ပကို တစ်ရှိန်ထိုး ပြေးထွက်လိုက်တယ်။

၎င်းတို့ အပြင်ရောက်စဉ်မှာပဲ လှိုဏ်ကြီးထဲက မြေမှုန်တွေ အုံနဲ့ကျင်းနဲ့ အပြင်ကို လျှံထွက်လာတယ်။

ညချမ်းဟာ မြေမှုန်တွေ ကောင်းကောင်းထနေတဲ့ လှိုဏ်ကြီးကိုကြည့်ရင်း မြေပေါ်ဒူးထောက်ထိုင်ချလိုက်မိတယ်။

ပြင်းထန်တဲ့ ယူကျုံးမရစိတ်နဲ့အတူ ရှိုက်ကြီးတငင် ငိုရှိုက်လိုက်တယ်။



အောက်လမ်းဆရာကြီးဦးမော်က ၎င်းရဲ့ကျောပြင်ကို ပွတ်သပ်ရင်း ...

"လက်ရှိအချိန်မှာ အားလုံးဟာ

အိပ်မက်လိုပဲကွ ... ပြီးဆုံးသွားပြီပဲ၊

မနက်ဖြန်အတွက် စဉ်းစားတာ

အကောင်းဆုံးပဲ ကောင်လေး၊

မင်းတို့နှစ်ဦးမှာ အထုံရေစက်ရှိနေရင်

ဘယ်တော့မှ မခွဲရပါဘူး ကောင်လေးရာ၊

စိတ်ကိုလျှော့လိုက်ပါတော့"

လို့ နှစ်သိမ့်စကားဆိုလိုက်တယ်။

ဒီနောက်မှာတော့ ... ညချမ်းဟာ အောက်လမ်းဆရာကြီးဦးမော် ခေါ်ဆောင်ရာနောက် အသက်ကင်းမဲ့သူနှယ် မလှုပ်မယှက် ပါသွားရှာတယ်။

ညချမ်းရဲ့နားအစုံမှာ နားဝင်ချိုလွန်းလှတဲ့ တေးသံ အက်သံလေးကို ကြားယောင်နေမိသလို ...

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စို့စွတ်နေတဲ့ မျက်ဝန်းမှာတော့ အဖြူရောင်ဝတ်စုံနဲ့ တယောမိန်းကလေးရဲ့ အပြစ်ကင်းတဲ့မျက်နှာကိုသာ မြင်ယောင်နေမိတော့တယ်။

□ □ □

"သွေးစုပ်သူယောင်မယ်"

မအိုစာ

BURMESE CLASSIC

www.burmeseclassic.com